**ကုလသမဂ္ဂ** A/HRC/62/51

**အထွေထွေ ညီလာခံ**

**ဖြန့်ဝေမှု - အထွေထွေ**
**၇ ရက်၊ မေလ၊ ၂၀၂၆ ခုနှစ်**

**မူရင်း ဘာသာ - အင်္ဂလိပ်**


**ကုသလမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**
**ခြောက်ဆယ့်နှစ်ကြိမ်မြောက် အစည်းအဝေး**
၁၅ ရက်၊ ဇွန်လ – ၁၀ ရက်၊ ဇူလိုင်လ၊ ၂၀၂၆
အစီအစဉ် အမှတ် ၂ နှင့် ၄
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်**
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးနှင့်**
**ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ**
**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်သော လူ့အခွင့်အရေး အခြေအနေများ**

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ*


*အကျဉ်းချုပ်*

ဤအစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် ၅၈/၂၀ အရ တင်သွင်းခြင်း ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်တွင် ကောင်စီက ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးအား မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်အကဲဖြတ်ရန်၊ ၎င်းနှင့် ပတ်သက်သည့် ပြည့်စုံသော အစီရင်ခံစာကို ကောင်စီသို့ တင်သွင်းရန်၊ ထိုသို့ တင်သွင်းရာတွင် ဒေသန္တရနှင့် နိုင်ငံတော် အဆင့်၌ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ အများ ပါဝင်သော အုပ်ချုပ်မှု စနစ်နှင့် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု ဆိုင်ရာ မူဝါဒများနှင့် အဖွဲ့အစည်းများ ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်နေကြသော ဒီမိုကရေစီ အရေး လှုပ်ရှားသူများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အခြား အဖွဲ့အစည်းများ၏ ကြိုးပမ်း အားထုတ်မှုများကိုပါ ထည့်သွင်းဆန်းစစ်ရန် တင်ပြထားပြီး အဆိုပါ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီနိုင်ရေး အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကိုပါ ထည့်သွင်း အကြံပြု ဖော်ပြပေးရန် တောင်းဆိုထားပါသည်။


* အစီရင်ခံစာ တင်သွင်းသူ၏ ထိန်းချုပ်နိုင်စွမ်းထက် ကျော်လွန်သော အခြေအနေများကြောင့် ဤစာတမ်းအား ပုံမှန် ထုတ်ဝေရမည့် ရက်နောက်ပိုင်းမှသာ ထုတ်ဝေရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

# ၁။ နိဒါန်း

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ၎င်း၏ ဆုံးဖြတ်ချက် အမှတ် ၅၈/၂၀ တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးအား မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ အရပ်ရပ်ကို ဆက်လက် စောင့်ကြည့် အကဲဖြတ်ရန်၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေများကို ချိုးဖောက်သည်ဟု စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ တရားဥပဒေ စိုးမိုးရေး အပေါ်ကိုပါ ဆက်လက် အလေးထား ဆောင်ရွက်ရန်၊ အဆိုပါ ဆုံးဖြတ်ချက်နှင့် ယခင် ထွက်ရှိခဲ့သော ခေါင်းစဉ်တူ ဆုံးဖြတ်ချက်များအား လက်တွေ့ အကောင်အထည်ဖော်မှု အခြေအနေများကို စောင့်ကြည့်စစ်ဆေးရန်၊ လက်ရှိ အကျပ်အတည်းကို ဖြေရှင်းရန် လိုအပ်သည့် ထပ်တိုး လုပ်ငန်းစဉ်များ အပေါ် အကြံပြုပါရန်၊ ဒေသန္တရနှင့် နိုင်ငံတော် အဆင့်များတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၊ အများ ပါဝင်သော အုပ်ချုပ်မှု စနစ်နှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု မူဝါဒများနှင့် အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေး ကြိုးပမ်းနေကြသော ဒီမိုကရေစီ အရေး လှုပ်ရှားသူများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အခြား အဖွဲ့အစည်းများ၏ ကြိုးပမ်း အားထုတ်မှုများကိုပါ ထည့်သွင်း ဆန်းစစ်လျက် ၎င်းကြိုးပမ်းမှုများကို နိုင်ငံတကာ အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးနိုင်မည့် လုပ်ငန်းစဉ်များကိုပါ ထည့်သွင်း အကြံပြု ဖော်ပြထားသည့် ပြည့်စုံသော အစီရင်ခံစာ တစ်စောင်ကို ကောင်စီ၏ ခြောက်ဆယ့် နှစ်ကြိမ်မြောက် အစည်းအဝေးသို့ တင်သွင်းရန် တောင်းဆိုခဲ့ပါသည်။

၂။ ယခု အစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်နေ့ အထိ ကာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်း အားလုံး၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများကို မှတ်တမ်း တင်ထားခြင်း ဖြစ်ပြီး မြန်မာ စစ်တပ်က ရွေးကောက်ပွဲ အပိုင်းလိုက် ကျင်းပမည်ဟု ကြေညာခဲ့သည့် အချိန်မှစ၍ မဲပေးသည့် ကာလ ပြီးဆုံးသည့် အချိန်အထိ ကာလ အပိုင်းအခြားကို လွှမ်းခြုံထားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု နောက်ပိုင်း ထုတ်ပြန်ခဲ့သည့် ယခင် အစီရင်ခံစာများမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များ အပေါ် အခြေခံ၍ ဆက်လက် ပြုစုထားခြင်း ဖြစ်ပြီး ပဋိပက္ခနှင့် ဆက်နွယ်သော အကြမ်းဖက်မှု၊ တရားဥပဒေ စိုးမိုးရေးကို လေးစားလိုက်နာမှု ကင်းမဲ့ခြင်း၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ပိတ်ပင်တားဆီးခြင်းနှင့် စစ်တပ် ထိန်းချုပ်ကျင်းပသည့် ရွေးကောက်ပွဲ၏ ရိုက်ခတ်မှုများကြောင့် ပေါ်ပေါက်လာသည့် အရပ်သား ပြည်သူလူထု အပေါ် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ အသစ်တိုးပွားလာသော စိုးရိမ် ပူပန်မှုများကို အသေးစိတ် ဖော်ပြထားပါသည်။

၃။ ယင်းသို့သော စိုးရိမ်ပူပန်မှုများ ရှိနေသည့်ကြားမှပင် ဤအစီရင်ခံစာ၌ မြေပြင်ရှိ လူထု အသိုင်းအဝိုင်းများနှင့် အုပ်ချုပ်ရေး ယန္တရားများ အနေဖြင့် မြန်မာ စစ်တပ်က ဖန်တီးထားသော လူ့အခွင့်အရေး အကျပ်အတည်း၏ ဘက်စုံ ကဏ္ဍစုံမှ စိန်ခေါ်မှုများကို မည်သို့ တုံ့ပြန်ဖြေရှင်းခဲ့ကြပုံ၊ ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ် ဖြေရှင်းခဲ့ကြပုံနှင့် မရှိမဖြစ် လိုအပ်သော အခြေခံ ဝန်ဆောင်မှုများ ဆက်လက် ပေးအပ်နိုင်ရေးကို မည်သို့ ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြပုံတို့ကို လေ့လာဆန်းစစ်ချက်များ ပါဝင်ပါသည်။

၄။ ဤအစီရင်ခံစာတွင် မြန်မာ ပြည်သူလူထု၏ ဒီမိုကရေစီရေး မျှော်မှန်းချက်များနှင့် အရပ်သား ပြည်သူလူထု အပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့် တရားမျှတမှု ရရှိရေး အတွက် ၎င်းတို့၏ လူ့အခွင့်အရေး ဆိုင်ရာ တောင်းဆိုချက်များကို ပံ့ပိုးကူညီပေးနိုင်ရန် ရည်ရွယ်၍ မြန်မာ စစ်တပ်၊ အမျိုးသား ညီညွတ်ရေး အစိုးရ၊ စစ်အာဏာရှင် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၊ ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များနှင့် အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ

အပါအဝင် နိုင်ငံအသီးသီး အတွက် သီးခြားဦးတည်ချက်ဖြင့် အသေးစိတ် ပြုစုထားသော အကြံပြုချက်များ ပါဝင်ပါသည်။

## ၂။ နည်းစနစ်

၅။ ဤအစီရင်ခံစာပါ တွေ့ရှိချက်များသည် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) က လုပ်ဆောင်သော အဝေးရောက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်များ အပေါ် အခြေခံထားခြင်း ဖြစ်သည်။ အစီရင်ခံ တင်ပြသည့် ကာလ အတွင်း ဘဏ္ဍာရေး အရင်းအမြစ် အကန့်အသတ်များ တိုးပွားလာခြင်းသည် ကျင့်သုံးဆဲ ဖြစ်သော သက်သေ ထွက်ဆိုချက် ဆိုင်ရာ စံနှုန်းများနှင့် အညီ သတင်းအချက်အလက်များ စုဆောင်းရန်နှင့် စိစစ် အတည်ပြုရန် OHCHR ၏ စွမ်းဆောင်နိုင်စွမ်း အပေါ် သက်ရောက်မှု ရှိခဲ့သဖြင့် အဆိုပါ စံချိန်စံနှုန်းများနှင့် ကိုက်ညီပြီး ဤအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြနိုင်သည့် ဖြစ်စဉ်များနှင့် ချိုးဖောက်မှု ပုံစံတူ အခင်းအကျင်း အရေအတွက်မှာ အကန့်အသတ်သာ ရှိခဲ့ပါသည်။

၆။ OHCHR အနေဖြင့် အခြား ထည့်သွင်းစဉ်းစားချက်များထက် “ထိခိုက်နစ်နာမှု မဖြစ်စေရေး” (do no harm) အခြေခံမူကို အပြည့်အဝ လိုက်နာရန် ဆက်လက် ဦးစားပေးခဲ့သည့် အတွက် သတင်းရင်းမြစ် ပေးပို့သည့် လူပုဂ္ဂိုလ်များကို ကာကွယ်စောင့်ရှောက်မှု အာမခံရန်နှင့် လက်စားချေ တုံ့ပြန်မည့် ဘေးအန္တရာယ်များကို တားဆီးရန် ရည်ရွယ်၍ အထူးသဖြင့် မြို့နယ် အဆင့်၌ တိကျသော ပထဝီဝင် ဒေသအမည် ဖော်ပြချက်များနှင့် မည်သည့် အဖွဲ့အစည်းက လုပ်ဆောင်သည် ဟူသော ရည်ညွှန်း ဖော်ပြချက်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ဖြစ်စဉ်များနှင့် ချိုးဖောက်မှု ပုံစံတူ အခြေအနေများကို ဖြစ်ရပ်မှန် အဖြစ် ဆုံးဖြတ်သတ်မှတ်ရာတွင် သက်ဆိုင်ရာ ဖြစ်ရပ်များ အမှန်တကယ် ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ရန် ခိုင်လုံသော အကြောင်းပြချက်များ ရှိသည့် အခြေအနေမျိုးတွင်သာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ အစီရင်ခံ တင်ပြထားသော သေဆုံးမှု ကိန်းဂဏန်းများသည် မြေပြင်ရှိ ပကတိ အခြေအနေထက် လျှော့နည်းစွာ ဖော်ပြခြင်းသာ ဖြစ်ပြီး အကြောင်းမှာ မြန်မာ စစ်တပ်က အင်တာနက်လိုင်းများ ဖြတ်တောက်ထားခြင်းနှင့် စစ်တပ် ချမှတ်ထားသော အခြား ကန့်သတ်ချက်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစုံလင်လင် မှတ်တမ်း တင်နိုင်စွမ်းကို နှောင့်နှေးဟန့်တားစေခဲ့သောကြောင့် ဖြစ်သည်။

၇။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလကြား ကာလအတွင်း OHCHR သည် ထိခိုက် နစ်နာသူများ၊ မျက်မြင် သက်သေများ၊ အခြားသော ပင်မ သတင်းရင်းမြစ်များ၊ ရှေ့နေများ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ မီဒီယာသမားများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့်အတူ အင်တာဗျူးပေါင်း ၈၀ ကို ပြုလုပ်ခဲ့ပါသည်။ မြေပြင်တွင် လုပ်ကိုင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများက ပေးပို့သည့် အချက်အလက်နှင့် အကြံပြုချက်များကို တွေ့ရှိချက်များတွင် ထည့်သွင်း ဖော်ပြနိုင်ရန် အတွက် OHCHR သည် မြန်မာနိုင်ငံရှိ ပြည်နယ်တိုင်း ဒေသ အားလုံးနီးပါးမှ အရပ်ဘက် အဖွဲ့အစည်းများ အပါအဝင် အမျိုးသမီး အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်အတူ တိုင်ပင်ဆွေးနွေးပွဲများနှင့် အချက်အလက် စုဆောင်းရေး အစည်းအဝေးများ ၂၄ ကြိမ် ကျင်းပခဲ့ပါသည်။ လူနည်းစု တိုင်းရင်းသား လူထု အသိုင်းအဝိုင်းများနှင့် အစုအဖွဲ့များ၏ ကိုယ်စားလှယ်များသည်လည်း အဆိုပြုပါ ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြပါသည်။

၈။ OHCHR သည် မြန်မာ စစ်တပ်နှင့် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများထံသို့ မေးခွန်းလွှာများ ပေးပို့ခဲ့ပြီး ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ၊ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အချို့၏ ကိုယ်စားလှယ်များထံမှလည်း အကြံပြုချက်များကို တောင်းခံခဲ့ပါသည်။

ထို့ပြင် OHCHR သည် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များကိုလည်း တိုင်ပင် ဆွေးနွေးခဲ့ကာ ဥပဒေများ၊ မူဝါဒများနှင့် အစီရင်ခံစာများကို ပြန်လည် သုံးသပ်ခဲ့ပါသည်။

# ၃။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## က။ ပဋိပက္ခနှင့် ဆက်စပ်သော ဖြစ်ရပ်များ

၉။ ယေဘုယျအားဖြင့် လုံခြုံမှုနှင့် တည်ငြိမ်မှု မရှိသည့် အခြေအနေများ အကြား ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများသည် မြန်မာ စစ်တပ် ထိန်းချုပ် ကျင်းပသော ရွေးကောက်ပွဲ မတိုင်မီ အချိန်ကာလကို လွှမ်းမိုးထင်ဟပ်နေခဲ့သည်။ OHCHR သည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှု ဆိုင်ရာ လားရာများနှင့် ပုံစံတူ အခင်းအကျင်းများကို သက်သေပြနေသည့် ဖြစ်စဉ်များကို စိစစ်အတည်ပြုခဲ့ပြီး ယင်းတို့သည် ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတွက် မရှိမဖြစ် လိုအပ်သော အခြေခံ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို သိသိသာသာ ထိခိုက်ပျက်ပြားစေခဲ့သည်။ အစီရင်ခံ တင်ပြသည့် ကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရပ်သား သေဆုံးမှု ၇၀၂ ဦးထက်မနည်း ရှိခဲ့ကြောင်း ယုံကြည်စိတ်ချရသော သတင်း ရင်းမြစ်များက အတည်ပြု မှတ်တမ်းတင်ထားပါသည်။[1] ယင်းတို့အနက် ၂၂၄ ဦးမှာ အမျိုးသမီး သေဆုံးမှု ဖြစ်ပြီး ၁၅၃ ဦးမှာ ကလေးသူငယ် သေဆုံးမှု ဖြစ်သဖြင့် အမျိုးသမီးနှင့် ကလေး သေဆုံးမှု အရေအတွက်သည် စုစုပေါင်း အရပ်သား သေဆုံးမှု၏ ၅၃ ရာခိုင်နှုန်းကျော် ရှိနေပါသည်။ လေကြောင်း တိုက်ခိုက်မှုသည် အရပ်သား အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုနှင့် အရပ်သား လူထု အတိဒုက္ခ ရောက်စေသည့် အဓိက အကြောင်းရင်း အဖြစ် ဆက်လက် တည်ရှိနေပါသည်။ စစ်တပ်၏ တိုက်လေယာဉ်၊ ဒရုန်း၊ ပါရာမော်တာနှင့် ဂျိုင်ရိုမော်တာများ အသုံးပြု၍ တိုက်ခိုက်မှုကြောင့် အရပ်သား ၃၀၅ ဦး ထက်မနည်း သေဆုံးခဲ့ကာ ၎င်းတွင် အမျိုးသမီး ၁၇၅ ဦးနှင့် ကလေးသူငယ် ၁၀၂ ဦး ပါဝင်ပြီး ထိုအရေအတွက်သည် စုစုပေါင်း သေဆုံးမှု၏ ၅၇ ရာခိုင်နှုန်း ရှိသည်။ နှိုင်းယှဉ်ချက် အရ အဆိုပါ တူညီသော ကာလ အတွင်း၌ အများပြည်သူ လေ့လာနိုင်သော သတင်း ရင်းမြစ်များ (open sources) ကို ခွဲခြမ်းလေ့လာချက် အရ လေကြောင်းမှ ၁,၄၀၀ ကြိမ်ထက်မနည်း တိုက်ခိုက်မှုများတွင် အရပ်သား ပြည်သူ ၁,၀၁၅ ဦးကျော် သေဆုံးခဲ့ကြောင်း ညွှန်ပြနေပါသည်။ ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီး၊ ယောကျာ်းလေးနှင့် မိန်းကလေးများသည် အရက္ခ တပ်တော်၏ အဓမ္မ စစ်သား စုဆောင်းခြင်း ခံရမည့် အန္တရာယ်များနှင့် သတ်ဖြတ်ခံရခြင်း၊ တရားလက်လွတ် ဖမ်းဆီးခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ရနိုင်သည့် အခြေအနေများနှင့် ဆက်လက် ရင်ဆိုင်နေရပါသည်။

၁၀။ အရပ်သား ပြည်သူများ၏ အသက်ဘေး အန္တရာယ် စိုးရိမ်ရမှုနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များကို ပြသနေသည့် ဖြစ်ရပ် သာဓက တစ်ခုမှာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ ၆ ရက်၊ ည ၈ နာရီဝန်းကျင်တွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ဘုံတို ကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်း၏ ရှေ့၌ စုဝေးနေကြသော အရပ်သားများကို ပါရာ မော်တာဖြင့် လက်နက်ကြီးဗုံး နှစ်လုံးအား ဆက်တိုက် ကြဲချခဲ့သဖြင့် အမျိုးသမီး နှစ်ဦးနှင့် ကလေးသူငယ် လေးဦး အပါအဝင် ၂၃ ဦး သေဆုံးခဲ့ပြီး ၆၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗုံးကြဲတိုက်ခိုက်ချိန်၌ ပါဝင်သူများသည် သီတင်းကျွတ်လပြည့် အထိမ်းအမှတ် အဖြစ် ဆီမီးထွန်းညှိ ပူဇော်ပွဲ ကျင်းပနေကြခြင်း ဖြစ်ပြီး ၎င်းပွဲတွင် ပါဝင်သူများသည် နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရေး၊ အဓမ္မ စစ်သား စုဆောင်းသည့် စစ်မှုထမ်း ဥပဒေအား ဆန့်ကျင်ရေးနှင့် မြန်မာ စစ်တပ်က ထိန်းချုပ်ကျင်းပမည့် ရွေးကောက်ပွဲကို

[1] https://aappb.org/ တွင် ကြည့်ရှုရန်။

ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော် တောင်းဆိုနေကြခြင်း ဖြစ်သည်။ ကယ်ဆယ်ရေး သမားများ ရောက်ရှိလာပြီး နောက်တွင်လည်း နောက်ထပ် ဗုံးတစ်လုံး ထပ်မံ ကျရောက်ခဲ့ရာ ထိခိုက်သေကြေမှု မရှိသော်လည်း ထိတ်လန့် ကြောက်ရွံ့မှုများ ပိုမို ကြီးမားခဲ့သည်။ အနီးအနားရှိ ဆေးခန်း တစ်ခုသို့ ဦးတည် ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်မှုများကြောင့် ဒဏ်ရာ ရရှိသူများကို ရွှေ့ပြောင်း သယ်ယူမည့် ကြိုးပမ်းမှုများကို ပိုမို အဟန့်အတား ဖြစ်စေခဲ့ပါသည်။ စစ်တပ်နှင့် ဆက်နွယ်သော မီဒီယာများ၏ သတင်းထုတ်ပြန်ချက် အရ အဆိုပါ ဗုံးကြဲ တိုက်ခိုက်မှုများသည် "အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေး"၏ အစိတ်အပိုင်း တစ်ခု ဖြစ်ကြောင်း ပြောဆိုထားပြီး လက်နက်ကိုင် အဖွဲ့များက အရပ်သားများကို လူသား တံတိုင်းအဖြစ် အသုံးပြုခဲ့ခြင်းသာ ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တစ်စုံတစ်ရာ ပြသခြင်း မရှိဘဲ စွပ်စွဲထုတ်ပြန်ထားပါသည်။[2]

၁၁။ အချက်အလက်များအား ဆန်းစစ်လေ့လာချက်အရ ကာလ နှစ်ခု အတွင်း အရပ်သား သေဆုံးမှု အရေအတွက် သိသိသာသာ မြင့်တက်ခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၎င်းကာလများမှာ ၂၀၂၅ ခုနှစ်၊ သြဂုတ်လနှင့် စက်တင်ဘာလ ကာလ တစ်ခု၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ကာလတို့ ဖြစ်သည်။ ယုံကြည် စိတ်ချရသော သတင်းရင်းမြစ်များ၏ ဖော်ပြချက် အရ ၂၀၂၅ ခုနှစ်၊ သြဂုတ်လနှင့် စက်တင်ဘာလ အတွင်း အရပ်သား ပြည်သူ ၂၆၅ ဦးထက် မနည်း သေဆုံးခဲ့ပြီး ၎င်းတို့အနက် ၁၆၁ ဦးမှာ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အတွင်း အရပ်သား ၂၂၈ ဦး သေဆုံးခဲ့ကြောင်း အတည်ပြု မှတ်တမ်း တင်ထားပြီး ၎င်းတို့ အနက် ၁၈၃ ဦးမှာ လေကြောင်း တိုက်ခိုက်မှုကြောင့် ဖြစ်သည်။ အဆိုပါ အရပ်သား သေဆုံးမှု အလွန် မြင့်မားခဲ့သည့် ကာလများသည် ရွေးကောက်ပွဲ ကျင်းပမည့် ကြေညာချက် ထွက်ပေါ်လာချိန်နှင့် မြန်မာ စစ်တပ်က ၎င်းတို့၏ နယ်မြေစိုးမိုးမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းသည့် အနေဖြင့် စစ်မျက်နှာပြင်တွင် ရှေ့တန်း ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဖော်ဆောင်ချိန်တို့နှင့် တိုက်ဆိုင်နေသည်။

၁၂။ ဤအခြေအနေကို ပိုမို ထင်ရှားစေသည့် ဖြစ်ရပ်အား ဖော်ပြရမည် ဆိုလျှင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ ရက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့၊ ည ၉ နာရီ ဝန်းကျင်တွင် မြန်မာ စစ်တပ်သည် ရခိုင် ပြည်နယ်၊ မြောက်ဦးမြို့ရှိ၊ ခုတင် ၃၀၀ ဆံ့ ဆေးရုံ တစ်ရုံကို တိုက်ခိုက် ဖျက်ဆီးခဲ့ရာ အမျိုးသမီး ၁၇ ဦးနှင့် သုံးလသား အရွယ် ကလေးငယ် တစ်ဦး အပါအဝင် အရပ်သား ၃၃ ဦး သေဆုံးခဲ့ပြီး ဒါဇင်နှင့် ချီသော အရပ်သားများ ဒဏ်ရာရရှိခဲ့သည်။ အင်တာဗျူး ဖြေဆိုသူများ၏ ပြောကြားချက် အရ စစ်လေယာဉ်သည် ဗုံး နှစ်လုံး ကြဲချခဲ့ပြီး ဗုံးတစ်လုံးမှာ လူနာဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ ကျန်ဗုံးတစ်လုံးမှာ ဆေးရုံ၏ လုံခြုံရေး ကင်းတဲ အနီးသို့ ကျရောက် ပေါက်ကွဲခဲ့သဖြင့် စေတနာ့ ဝန်ထမ်း လေးဦး သေဆုံးကာ ဆေးရုံ အဆောက်အအုံနှင့် အသုံးအဆောင် ပစ္စည်းများ ပျက်ဆီးဆုံးရှုံးခဲ့သည်။ သေဆုံး၊ ဒဏ်ရာ ရရှိသူ အများစုမှာ လူနာများနှင့် လူနာ  လာကြည့်သော မိသားစုဝင်များ ဖြစ်ကာ ၎င်းတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦး၊ ရခိုင် တိုင်းရင်းသား အရပ်သား အမြောက်အများနှင့် မွတ်စလင် အမျိုးသား တစ်ဦးနှင့် ကလေးငယ် တစ်ဦး ပါဝင်သည်။ ၎င်းဖြစ်စဉ်သည် အာဏာသိမ်းပြီး နောက်ပိုင်း ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် အဆောက်အအုံကို တိုက်ခိုက်သည့် ဖြစ်ရပ်များ အနက် အသေအပျောက် အများဆုံး ဖြစ်ရပ် ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်နေ့ အထိ ရရှိသော စာရင်းများ အရ ဖြစ်ရပ်ပေါင်း ၁,၈၇၃ ခု ရှိသည့် အနက်မှာ ဖြစ်ရပ် တစ်ခု ဖြစ်သည်။[3] ထိုဆေးရုံအား

[2] "ချောင်းဦးမြို့နယ် ဘုံတိုရွာ ဖြစ်စဉ်နှင့် ပတ်သက်၍ PDF အဖွဲ့က ပြည်သူ လူထုအား လူသားဒိုင်း အဖြစ် အသုံးပြုနေကြောင်း စစ်ကောင်စီ ကော်မရှင်က စွပ်စွဲပြောဆို" သက်ထွေးနိုင် (အလွတ်တန်းသတင်းထောက်) ၏ https://www.facebook.com/photo/?fbid=1155880723309035&set=pcb.1155880963309011 (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်) တင်ပြချက်တွင် ကြည့်ရှုရန်။

[3] https://reliefweb.int/report/myanmar/attacks-health-care-myanmar-18-february-03-march-2026 တွင် ကြည့်ရှုရန်။

လက်နက်ကိုင် အဖွဲ့ လေးဖွဲ့က အခြေစိုက် စခန်း အဖြစ် အသုံးပြုနေကြောင်း မြန်မာ စစ်တပ်က ထုတ်ပြန် ပြောဆိုခဲ့သော်လည်း ၎င်းထုတ်ပြန်ချက် အပေါ် သီးခြားလွတ်လပ်သော အတည်ပြုချက် ရယူနိုင်ခြင်း မရှိသေးပေ။[4]

၁၃။ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသတွင်[5] နေထိုင်သည့် အရပ်သားများသည် မြန်မာ စစ်တပ်၏ အကြမ်းဖက် တိုက်ခိုက်မှုဒဏ်ကို အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ဤအစီရင်ခံစာ ပြုစုသည့် ကာလအတွင်း အရပ်သား ၇၀၂ ဦး သေဆုံးခဲ့သည့် အနက် ၅၇၃ ဦးမှာ ထိုဒေသများတွင် သေဆုံးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့မှ ၄၇၆ ဦးမှာ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ရွေးကောက်ပွဲ မတိုင်မီ ကာလအတွင်း အမျိုးသမီး ၄၃ ဦးနှင့် ကလေး ၁၀ ဦး အပါအဝင် လူပေါင်း ၁၁၁ ဦး သေဆုံးခဲ့သည်။ မြန်မာ စစ်တပ်က နယ်မြေ စိုးမိုးမှု ရရှိရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းလာသည်နှင့် အမျှ စစ်ကိုင်းတိုင်းသည် အရပ်သားများ အတွက် အသက် အန္တရာယ် အရှိဆုံး ဒေသအဖြစ် ဆက်လက် တည်ရှိနေပြီး အမျိုးသမီး ၆၀ ဦးနှင့် ကလေး ၃၀ ဦး အပါအဝင် အရပ်သား ၁၉၁ ဦး သေဆုံးခဲ့ကာ စုစုပေါင်း သေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းကျော်မှာ လေကြောင်း တိုက်ခိုက်မှုကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲ ကာလဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ ရက် ညနေပိုင်းတွင် အာဆီယံ အားကစားပြိုင်ပွဲ (ASEAN Games) မှ ဘောလုံး ပွဲစဉ်အား လူအများ စုဝေး၍ ကြည့်ရှုနေခိုက် မြန်မာ စစ်လေယာဉ် တစ်စီးသည် ဒီပဲယင်းမြို့နယ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ အမျိုးသမီး လေးဦးနှင့် ကလေးသူငယ် တစ်ဦး အပါအဝင် အရပ်သား ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၂၀ ကျော်ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၁၄။ စစ်တပ်သည် ပါရာမော်တာ နှင့် ဂျိုင်ရို ကော့ပတာ ကဲ့သို့သော ကုန်ကျစရိတ် သက်သာပြီး ပေါ့ပါးသည့် လေကြောင်း ပျံသန်းရေး ယာဉ်များကို အသုံးပြု၍ အရပ်သားနှင့် အရေးပါသော အခြေခံ အဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ကာ ၎င်းတို့၏ လေကြောင်းတိုက်ခိုက်မှု အသွင်သဏ္ဌာန်ကို ပိုမို ကျယ်ပြန့်စေခဲ့သည်။ အများပြည်သူ လေ့လာနိုင်သော သတင်းရင်းမြစ်များ အရ အစီရင်ခံစာ ရေးသားပြုစုသည့် ကာလအတွင်း မြန်မာ စစ်တပ်သည် ပါရာမော်တာ (၂၀၉ ကြိမ်)နှင့် ဂျိုင်ရို ကော့ပတာ (၁၀၂ ကြိမ်) တို့ကို အသုံးပြု၍ လေကြောင်း တိုက်ခိုက်မှု စုစုပေါင်း ၃၀၀ ကျော်ကို ဖော်ဆောင်ခဲ့ရာ အမျိုးသမီး ၂၂ ဦးနှင့် ကလေးသူငယ် ၁၃ ဦး အပါအဝင် စုစုပေါင်း အရပ်သား ၁၃၄ ဦး သေဆုံးခဲ့သည်။ ထိုကဲ့သို့ လေကြောင်း တိုက်ခိုက်မှု ကြိမ်ဖန်ရေ များစွာ ဖော်ဆောင်ခဲ့ခြင်းကြောင့် စာသင်ကျောင်းများ[6]၊ ကျန်းမာရေး အဆောက်အအုံများ[7]၊ ဈေးတန်းများ၊ ဘုန်းကြီးကျောင်းများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ခိုလှုံရာ နေရာများ ပျက်စီးဆုံးရှုံးခဲ့ရပြီး အရပ်သား ပြည်သူများ အတွက် အကာအကွယ်ပေးမှု ဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်စေကာ ဘေးကင်းလုံခြုံမှု မရှိသည့် အခြေအနေအား ပိုမို ဆိုးရွားစေခဲ့သည်။

4 https://www.moi.gov.mm/moi:eng/news/19750 တွင် ကြည့်ရှုရန်။

5 ပဲခူး၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်း

6 အာဏာသိမ်းပြီးချိန်မှစ၍ ပညာရေး အဆောက်အအုံများအပေါ် တိုက်ခိုက်မှုပေါင်း ၁,၃၂၈ ကြိမ်ခန့် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့ပြီး ယင်းတို့အနက် ၁၉၉ ကြိမ်မှာ ဤအစီရင်ခံသည့် ကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ https://data.humdata.org/dataset/63605720-f0da-454d-89a6-552f1acc3a53/resource/fc54f0ab-cde5-4ccc-8285-a407c830a847/download/2017-2026-mmr-education-in-danger-incident-data.xlsx တွင် ကြည့်ပါ။

7 အာဏာသိမ်းပြီးချိန်မှစ၍ ကျန်းမာရေး ဆိုင်ရာ အဆောက်အအုံများ အပေါ် တိုက်ခိုက်မှုပေါင်း ၁,၈၇၃ ကြိမ်ခန့် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိခဲ့ပြီး ယင်းတို့အနက် ၁၁၇ ကြိမ်မှာ ဤအစီရင်ခံသည့်ကာလ အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ (၎င်းအညွှန်းတွင်ပင် ကြည့်ရှုပါ။)

၁၅။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည်လည်း စစ်တပ် ထိန်းချုပ်ကျင်းပသည့် ရွေးကောက်ပွဲကို ဆန့်ကျင်သည့် အနေဖြင့် စစ်ဆင်ရေးများ ဖော်ဆောင်ခဲ့သည်။ မြန်မာ စစ်တပ်၏ ထုတ်ပြန်ချက် အရ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် မဟုတ်မမှန် ဝါဒဖြန့်ခြင်း၊ မဲဆန္ဒရှင်များ၊ နိုင်ငံရေး ပါတီ အကြီးအကဲများနှင့် ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများကို ခြောက်လှန့် တန်လှူပ်စေခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ မဲရုံနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ ဖောက်ခွဲရေး ပစ္စည်းများနှင့် လက်နက်များ အသုံးပြုခြင်းတို့ အပြင် စုစုပေါင်း ၅၄ ကြိမ်ထက်မနည်း နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ခြင်း အားဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို နှောင့်ယှက်ခဲ့ကြသည်ဟု ဆိုသည်။[8]

၁၆။ အများပြည်သူ လေ့လာနိုင်သော ယုံကြည်စိတ်ချရသည့် သတင်း ရင်းမြစ်များ အရ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် အရပ်သား ပြည်သူများ ထိခိုက်စေသည့် တိုက်ခိုက်မှုများကို ဖော်ဆောင်ခဲ့ကြောင်း သိရကာ ၎င်းတွင် ရွေးကောက်ပွဲနှင့် ဆက်စပ်သော တိုက်ခိုက်မှု ဖြစ်စဉ် ၉၅ ကြိမ် ထက်မနည်း ရှိခဲ့ပြီး ပဲခူးတိုင်းတွင် ၃၉ ကြိမ်နှင့် ရန်ကုန်တိုင်းတွင် ၁၈ ကြိမ် အသီးသီး ကြုံတွေ့ခဲ့ရသည်။ အဆိုပါ အကြမ်းဖက်မှု ဖြစ်စဉ်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် အဓိက ရွေးကောက်ပွဲ ကျင်းပသည့် ကာလများ ဖြစ်သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ နှစ်၊ ဇန်နဝါရီလ အတွင်း ဖြစ်ပွားခဲ့ပြီး တစ်လလျှင် တိုက်ခိုက်မှုပေါင်း ၂၆ ကြိမ်နှုန်းဖြင့် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် မော်တာများ၊ ရော့ကတ် ဒုံးကျည်များ၊ ဒရုန်းဖြင့် ပစ်ချသော ဖောက်ခွဲရေး ပစ္စည်းများနှင့် လက်လုပ် ပေါက်ကွဲရေး ပစ္စည်းများ အသုံးပြု၍ မဲရုံများကို ပစ်မှတ်ထား ဗုံးခွဲခြင်းနှင့် ပစ်ခတ်ခြင်း၊ ရွေးကောက်ပွဲ ဆိုင်ရာ ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ပြန်ပေးဆွဲခြင်း အပြင် မဲပုံးများ တင်ဆောင်လာသည့် ကား ယာဉ်တန်းများကို ခြုံခို တိုက်ခိုက်ခြင်း အတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း ဝန်ခံခဲ့သည်။ ၎င်းတို့မှ ဖြစ်စဉ် တစ်ခုတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်နေ့ မဲပေးနေစဉ် ပဲခူးတိုင်း၊ ထန်းတပင် မြို့နယ်ရှိ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးအား ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်း ရရှိခဲ့ပြီး ထိုသို့ တိုက်ခိုက်မှုကြောင့် ဝန်ထမ်း တစ်ဦး သေဆုံးခဲ့ကာ အခြား ဝန်ထမ်း တစ်ဦးလည်း ဒဏ်ရာ ရရှိခဲ့ပြီး ရလဒ်အားဖြင့် မဲရုံကို ပိတ်လိုက်ရသည် အထိ ဖြစ်ပွားခဲ့သည်။ အခြား ဖြစ်စဉ်တစ်ခုတွင် တတိယ အသုတ် မဲပေးသည့် နေ့ ဖြစ်သော ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်နေ့တွင် မန္တလေးတိုင်း၊ တောင်သာမြို့၌ မဲရုံများ စတင် ဖွင့်လှစ်မည့် အချိန်တွင် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက လက်နက်ကြီးများဖြင့် လာရောက် ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်မှုကြောင့် အရပ်သား ပြည်သူ ထိခိုက်သေကြေမှု သတင်း မရရှိခဲ့ပေ။

၁၇။ စစ်ရေး ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများ အားလုံး၏ အကြမ်းဖက် လုပ်ရပ်များကြောင့် လုံခြုံမှု မရှိသည့် အခြေအနေများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေခြင်းသည် ရွေးကောက်ပွဲ အခင်းအကျင်းကို ပိုမို ထိခိုက်စေခဲ့ပြီး လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်နှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များအား ပိုမို များပြားစေခဲ့သည်။[9] အကြမ်းဖက်မှုကြောင့် အရပ်သား ပြည်သူများသည် ဘေးကင်းလုံခြုံရေး အတွက် မိမိတို့၏ အိုးအိမ် နေရပ်ကို စွန့်ခွာကာ မြန်မာနိုင်ငံတွင်း၌ လည်းကောင်း၊ ပြည်ပ နိုင်ငံများသို့ လည်းကောင်း ကြိမ်ဖန် တလဲလဲ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မြန်မာ စစ်တပ်က ဖန်တီးသော အကျပ်အတည်းကြောင့် ဒေသတွင်း နိုင်ငံများ အပေါ် သက်ရောက်မှုကို ပိုမို ဆိုးရွားစေခဲ့သည်။ စစ်တပ် အာဏာသိမ်းပြီးချိန်မှ စ၍ အိုးအိမ်နေရပ် စွန့်ခွာ ထွက်ပြေးရသူ အရေအတွက် ၃.၇ သန်းခန့် ရှိကြောင်း ကုလသမဂ္ဂက

8 https://www.moi.gov.mm/news/79489 တွင် ကြည့်ပါ။

9 https://reliefweb.int/report/myanmar/myanmar-humanitarian-update-no51-9-march-2026 တွင် ကြည့်ပါ။

အစီရင်ခံထားသော်လည်း[10] လူအများအပြားမှာ တရားဝင် စနစ်ယန္တရားများမှ တစ်ဆင့် အကူအညီ တောင်းခံခြင်း မရှိခဲ့သောကြောင့် အမှန်တကယ် နေရပ်စွန့်ခွာသူ အရေအတွက်မှာ ယင်းထက် သိသာထင်ရှားစွာ ပိုမို များပြားနိုင်သည်ဟု ယူဆရသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်၊ မတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့် ရာသီအလိုက် ရေကြီးရေလျှံမှုများသည် ဆိုးရွားလှပြီး ဖြစ်သော အခြေအနေကို ပိုမို ဆိုးရွားစေခဲ့ရာ လူဦးရေ တစ်သန်းကျော်မှာ အမိုးအကာမဲ့ ဖြစ်ခဲ့ရသလို အခြေခံ ဝန်ဆောင်မှု မရဘဲ ဖြစ်ခဲ့ကြရသည်။[11] ပဋိပက္ခနှင့် ဆက်စပ်သော ပုံစံတူ အခင်းအကျင်းအား လေ့လာကြည့်မည် ဆိုလျှင် နေရပ်စွန့်ခွာ ထွက်ပြေးရသူ စုစုပေါင်း အရေအတွက်၏ ၃၅ ရာခိုင်နှုန်းမှာ စစ်ကိုင်းတိုင်းမှ ဖြစ်ပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာရသူများနှင့် ပေါင်းပါက ၅၀ ရာခိုင်နှုန်းနီးပါး ရှိသည်။[12] မြန်မာစစ်တပ်၏ လက်ချက်ဟု ယူဆရသော မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်ပေါင်း ၃၀၀ ကျော် ရှိကြောင်း သတင်း အစီရင်ခံချက်များ ရရှိခဲ့သော်လည်း ယင်းတို့ကို သီးခြားလွတ်လပ်စွာ အတည်ပြုနိုင်ခြင်း မရှိသေးပေ။ ယခင်က အစီရင်ခံခဲ့သည့် အတိုင်း[13] မီးရှို့ တိုက်ခိုက်မှုများသည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်များကို မြင့်တက်စေခဲ့ပြီး အစားအစာ၊ အမိုးအကာ၊ ကိုယ်ရေးကိုယ်တာနှင့် ပိုင်ဆိုင်မှု ဆိုင်ရာ စာရွက်စာတမ်းများ အပြင် မိသားစု ရပ်တည်ရေးနှင့် လုပ်ကိုင်စားသောက်နိုင်မည့် လုပ်ငန်းသုံး ဆိုင်ရာ ကိရိယာ တန်ဆာပလာများပါ ဆုံးရှုံးရသည့် အရပ်သားပြည်သူများ အတွက် စိုးရိမ် ပူပန်မှုများကို ပိုမို ကြီးမားစေခဲ့သည်။ လူဦးရေ ၉.၂ သန်းခန့်မှာ စားနပ်ရိက္ခာ မလုံခြုံမှုဒဏ်ကို အလွန်အမင်း ဆိုးရွားစွာ ရင်ဆိုင်နေရပြီး လူဦးရေ၏ သုံးပုံ တစ်ပုံကျော်သည် လူသားချင်း စာနာ ထောက်ထားမှု အကူအညီများ လိုအပ်လျက် ရှိသည်။[14] စားနပ်ရိက္ခာ မလုံခြုံမှုသည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အထူးသဖြင့် ပိုမို သိသာထင်ရှားနေပြီး ခန့်မှန်းချက်များ အရ ၂၀၂၆ ခုနှစ်၊ မေလတွင် မောင်းတော မြို့နယ်၌ အရေးပေါ် အဆင့် ၄ နှင့် ဘူးသီးတောင် မြို့နယ်၌ ကပ်ဘေး အဆင့် ၅ အထိ ဆိုးရွားသွားနိုင်ကြောင်း သိရသည်။[15] ရခိုင်ပြည်နယ်သို့ ကုန်စည် စီးဆင်းမှုကို မြန်မာ စစ်တပ်က ပိတ်ဆို့ထားသဖြင့် အခြေအနေ အလွန်အမင်း ဆိုးရွားလာသည့်အတွက် ရိုဟင်ဂျာများအတွက် စိုးရိမ်ပူပန်မှုများ ကြီးမားစွာတည်ရှိနေဆဲဖြစ်သည်။

၁၈။ ၂၀၂၅ ခုနှစ် ငလျင်ဘေးကြောင့် ဖြစ်ပွားခဲ့သော စီးပွားရေး ဆုံးရှုံးမှု ခန့်မှန်းခြေသည် အမေရိကန် ဒေါ်လာ ၁၁ ဘီလီယံ ရှိလာသဖြင့် အခြေအနေ ပိုမို ဆိုးရွားလာခဲ့ပြီး ပြဿနာ အကျပ်အတည်းများကြောင့် ဖြစ်လာသည့် နောက်ဆက်တွဲ စီးပွားရေးအခြေအနေမှာလည်း ဆက်လက် ကျဆင်းလျက် ရှိသည်။[16] ယင်းသို့ စီးပွားရေး်ကျဆင်းလာခြင်းနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးရခြင်းတို့သည် အလုပ်လုပ်ကိုင်ခွင့်၊ နေအိမ် ပိုင်ဆိုင်ခွင့်၊ ပညာ သင်ကြားခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ရပိုင်ခွင့် အပါအဝင် စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်မှု အပေါ် ရေရှည်သက်ရောက်သော သက်ရောက်မှုများ ရှိစေခဲ့သည်။ ၂၀၂၅ ခုနှစ် အတွင်း အခြေခံ စားသောက်ကုန် ကုန်ဈေးနှုန်း မငြိမ်မသက် ဖြစ်မှု လျော့နည်းလာခြင်းနှင့် ရည်ရွယ်ချက် အလိုက် ဆောင်ရွက်နေသော လူသားချင်း စာနာမှု ဆိုင်ရာ ကူညီကယ်ဆယ်ရေး အစီအစဉ်များကြောင့် စားသောက်ကုန်ဈေးနှုန်းအား အတိုင်းအတာ တစ်ခု အထိ လျှော့ချနိုင်ခဲ့သော်လည်း စီးပွားရေး ဖိအားများမှာ သိသာထင်ရှားစွာ ဆက်လက် ရှိနေဆဲ ဖြစ်သည်။[17] ၂၀၂၅ ခုနှစ်၌ ငွေကြေး ဖောင်းပွမှု ကျဆင်းခဲ့သော်လည်း စားသောက်ကုန် မဟုတ်သော

[10] https://data.unhcr.org/en/country/mmr တွင် ကြည့်ပါ။

[11] https://reliefweb.int/report/myanmar/myanmar-earthquake-situation-update-edition-1 တွင် ကြည့်ပါ။

[12] https://data.unhcr.org/en/country/mmr တွင် ကြည့်ပါ။

[13] ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစီရင်ခံစာ A/HRC/54/59 တွင် ကြည့်ပါ။

[14] https://fscluster.org/myanmar တွင် ကြည့်ပါ။

[15] https://www.wfp.org/publications/hunger-hotspots-fao-wfp-early-warnings-acute-food-insecurity ၌ ကြည့်ပါ။

[16] ကမ္ဘာ့ဘဏ် အဖွဲ့၊ *Myanmar Economic Monitor: Surviving, Not Thriving* အစီရင်ခံစာ (၂၀၂၅ ခုနှစ်)၊ စာမျက်နှာ ၈။

[17] ၎င်းအစီရင်ခံစာ၏ စာမျက်နှာ ၂၂

ကုန်ပစ္စည်းများ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ၂၅.၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၆.၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။[18] နေရပ် စွန့်ခွာရမှုများကြောင့် နေအိမ် ငှားရမ်း/ ဝယ်ယူမှု လိုအပ်ချက် မြင့်မားလာခြင်းနှင့် မကြာခဏ လျှပ်စစ်မီး ပြတ်ခြင်းတို့ကြောင့် စွမ်းအင် ကုန်ကျစရိတ် မြင့်မားခြင်းတို့သည် နေအိမ်တိုက်တာနှင့် စွမ်းအင် ကဏ္ဍတို့တွင် ငွေကြေး ဖောင်းပွမှုနှုန်းကို ၃၀ ရာခိုင်နှုန်းခန့် အထိ မြင့်တင်စေခဲ့သည်။[19] ပဲခူး၊ ကချင်၊ မကွေး၊ ရှမ်းနှင့် စစ်ကိုင်း စသည့် ပြည်နယ် တိုင်းများ အပါအဝင် ပဋိပက္ခဒဏ် ခံစားနေရသော ဒေသများတွင် ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံး အဖြစ် ၁၈ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်း အကြား ရှိကြောင်း မှတ်တမ်းတင်ထားကြပြီး ခရီး သွားလာခွင့် ကန့်သတ်ချက်များ၊ ကုန်စည် စီးဆင်မှု အပေါ် တားမြစ်ပိတ်ပင်မှုများ၊ စစ်ဆေးရေး ဂိတ်များတွင် ကြန့်ကြာနေမှုများနှင့် ရန်ပုံငွေ ပြတ်တောက်မှုဒဏ်ကိုလည်း ရင်ဆိုင်နေရသည်။[20]

## ခ။ ရွေးကောက်ပွဲနှင့် ဆက်စပ်သော ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ

### ၁။ စစ်တပ် ထိန်းချုပ်ကျင်းပသော ရွေးကောက်ပွဲများ

၁၉။ မြန်မာ စစ်တပ်သည် လွတ်လပ်စွာ ပါဝင်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည့် ရွေးကောက်ပွဲ တစ်ရပ်ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၈ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်နေ့ အထိ အချိန် သတ်မှတ်၍ အပိုင်း ၃ ပိုင်း ခွဲကာ ကျင်းပခဲ့သည်။ ဒေသ အများအပြားရှိ အရပ်သားများသည် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးရန် ဖိအားပေးခံရပြီး ပါဝင်မဲပေးခြင်း မရှိပါက သို့မဟုတ် ရွေးကောက်ပွဲ လုပ်ငန်းစဉ် အပေါ် ဆန့်ကျင်ပြောဆိုပါက ခြိမ်းခြောက်မှုများ ရင်ဆိုင်ခဲ့ရသည်။ သို့ဖြစ်လင့်ကစား တွေ့ဆုံဆွေးနွေးသူများက မြန်မာ နိုင်ငံတွင် အရပ်သား အစိုးရ တစ်ရပ် ပေါ်ပေါက်ရေး၊ တရား မျှတမှု ရှိရေးနှင့် တရားဥပဒေ စိုးမိုးရေး[21] အတွက် အစဉ်တစိုက် ထပ်လောင်း တောင်းဆိုခဲ့ကြပြီး မြန်မာစစ်တပ် ကြီးမှူးကျင်းပသော ရွေးကောက်ပွဲအား တရားမဝင်သော ရွေးကောက်ပွဲ အဖြစ် ငြင်းပယ်ခဲ့ကြသည်။ အဆိုပါ တောင်းဆိုမှုများကို အထူးသဖြင့် မြန်မာ စစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ နယ်မြေများတွင် ထုတ်ဖော် ပြောကြားလေ့ရှိသည်။

၂၀။ ထို့အပြင် မြန်မာ စစ်တပ်သည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အပါအဝင် အတိုက်အခံ နိုင်ငံရေး ပါတီများကို ဖျက်သိမ်းရန်နှင့် တရားမဝင် အဖွဲ့အစည်းများ အဖြစ် သတ်မှတ်ရန် ဆက်စပ် ဥပဒေများကို တစ်ဖက်သတ် ပြောင်းလဲပြင်ဆင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး ခေါင်းဆောင်များကို ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ဖြတ်တောက်၍ ဖမ်းဆီး ထိန်းသိမ်းထားဆဲ ဖြစ်သည်။ စစ်တပ်သည် အွန်လိုင်းနှင့် ပြင်ပ လောကတွင် အတိုက်အခံ သဘောထားအား ထုတ်ဖော် ပြောကြားသူများကိုလည်း ဖမ်းဆီးအရေးယူခဲ့ပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း "တော်လှန်ရေး" ဟူသည့် စကားလုံးအား ပြောဆိုသုံးစွဲခဲ့သည့် အတွက် လွှတ်တော် ကိုယ်စားလှယ်လောင်း အချို့ကို ပြစ်ဒဏ် စီရင်ခဲ့သည်။ အထောက်အထား အခြေပြု ခွဲခြမ်းစိတ်ဖြာချက်များ အရ ထိရောက်သော ဥပဒေကြောင်း အရ ကာကွယ်စောင့်ရှောက်မှုများနှင့် လွတ်လပ်သော တရားစီရင်ရေး စနစ် မရှိခြင်းကြောင့် မြန်မာ စစ်တပ်က ကြီးမှူးကျင်းပသော ရွေးကောက်ပွဲသည် အရပ်သား အုပ်ချုပ်ရေး စနစ်သို့ ကူးပြောင်းနိုင်ရေးကို အထောက်အကူပြုမည် မဟုတ်ဘဲ အာဏာရှင် စနစ်ကိုသာ ပိုမို ခိုင်မာလာစေနိုင်ကြောင်း ပေါ်လွင်နေပါသည်။[22] အချို့ နိုင်ငံများက စစ်တပ် ကြီးမှူးကျင်းပသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို စောင့်ကြည့်ရန် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များ

---

[18] ၎င်းအစီရင်ခံစာ၏ စာမျက်နှာ ၂၂

[19] ၎င်းအစီရင်ခံစာ၏ စာမျက်နှာ ၂၃

[20] ၎င်းအစီရင်ခံစာ၏ စာမျက်နှာ ၂၅

[21] ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစီရင်ခံစာ A/HRC/59/57 တွင် ကြည့်ပါ။

[22] https://bangkok.ohchr.org/sites/default/files/documents/2025-12/OHCHRMyanmar-Background-paper-on-military-elections-Nov25.pdf တွင် ကြည့်ပါ။

စေလွှတ်ခဲ့သော်လည်း ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာမှုမှာ ရန်ကုန်နှင့် နေပြည်တော်ရှိ အချို့ မဲဆန္ဒနယ်များတွင်သာ အများဆုံး ဆောင်ရွက်ခဲ့ပုံ ရသည်။[23] မဲပေးသည့် ကာလ ဝန်းကျင်တွင် နိုင်ငံတကာ သတင်း မီဒီယာ အချို့ကို မြန်မာ နိုင်ငံ အတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်။

၂၁။ ပဋိပက္ခဒဏ် ခံစားရသော ဒေသများနှင့် အဖွဲ့အစည်း အသီးသီးက ရောနှော ထိန်းချုပ်သည့် ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း နယ်မြေဒေသ အများအပြားရှိ မြောက်များစွာသော လူထုသည် မဲပေးခွင့် မရရှိခဲ့သလို နေရပ်စွန့်ခွာသူများနှင့် လူနည်းစု အသိုက်အဝန်းများမှာ မဲပေးခွင့် ပို၍ ဆုံးရှုံးခဲ့ကြသည်။ ရိုဟင်ဂျာများသည် နိုင်ငံသား ဖြစ်ခွင့်နှင့် မဲပေးခွင့်တို့မှ ဆက်လက် ချန်လှပ် ခံထားရဆဲ ဖြစ်သည်။ စစ်တပ်က မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် ရွေးကောက်ပွဲများ ကျင်းပမည်ဟု ကြေညာခဲ့သော်လည်း ရွေးကောက်ပွဲ ကျင်းပရာ မြို့နယ်များ၌ ရပ်ကွက်နှင့် ရပ်ကျေးအုပ်စုများ၏ သုံးပုံ နှစ်ပုံခန့်တွင်သာ ရွေးကောက်ပွဲ ပြုလုပ်နိုင်ခဲ့ပြီး အချက်အလက်များ အရ သတ်မှတ်ထားသော ရပ်ကွက်နှင့် ရပ်ကျေး အုပ်စု ၁၃,၅၅၄ စု အနက် ၃,၈၉၅ စု သို့မဟုတ် သုံးပုံ တစ်ပုံ နီးပါးမှာ ဖယ်ချန်ခံရပြီး မဲပေး ပါဝင်ခွင့်ကို ကန့်သတ်ခံခဲ့ရကြောင်း ဖော်ပြနေသည်။ မြန်မာ စစ်တပ်က ခန့်အပ်ထားသော ရွေးကောက်ပွဲ ကော်မရှင်၏ ပြောကြားချက် အရ မဲပေးသူ ရာခိုင်နှုန်းမှာ မဲပေးခွင့် ရှိသူ အားလုံးပေါင်း၏ ၅၄ ရာခိုင်နှုန်း ရှိပြီး မဲပေးပိုင်ခွင့် ရှိသူ ၂၄ သန်းကျော်အနက် ၁၃ သန်းခန့် မဲပေးခဲ့သည်ဟု ဆိုသည်။[24] ထိုကိန်းဂဏန်းများသည် ယခင် ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက မဲဆန္ဒရှင် အများအပြား မဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ရသည် ဟူသော စိုးရိမ်ပူပန်မှုများ ပိုမို ဖြစ်ပေါ်စေသည်။ ၂၀၂၀ ခုနှစ်တွင် မဲပေးခွင့် ရှိသူ ၃၇ သန်း ရှိခဲ့ပြီး မဲပေးသူ ၇၀ ရာခိုင်နှုန်း ရှိခဲ့ကာ[25] ၂၀၁၅ ခုနှစ်တွင် မဲပေးခွင့် ရှိသူ ၃၄ သန်း ရှိခဲ့ပြီး မဲပေးသူ ၇၀ ရာခိုင်နှုန်း ရှိခဲ့သည်။[26] မဲဆန္ဒရှင် စာရင်းများကို မြို့နယ်ပေါင်း ၃၃၀ အနက် ၁၄၅ မြို့နယ်ကိုသာ အပြည့်အဝ ကောက်ယူနိုင်ခဲ့ပြီး လူဦးရေ ၅၁ သန်း အနက် ခန့်မှန်းခြေ ၁၉ သန်းခန့်ကိုသာ လွှမ်းခြုံနိုင်ခဲ့သည့် ၂၀၂၄ ခုနှစ်၌ စစ်တပ် ကောက်ယူထားသော လူဦးရေ သန်းခေါင်းစာရင်းကို အဓိက ထား၍ ပြုစုထားကြောင်း သတင်း ရရှိသည်။[27]

၂၂။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကျက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံရေး အဖွဲ့အစည်း ဖြစ်သည့် မြန်မာစစ်တပ်နှင့် ပတ်သက်ဆက်နွယ်နေသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီသည် တောင်ပြိုကမ်းပြို အနိုင်ရခဲ့ပြီး ပြည်သူ့လွှတ်တော်ရှိ အမတ်နေရာ ၂၆၃ နေရာ အနက် ၂၃၂ နေရာနှင့် အမျိုးသား လွှတ်တော်ရှိ အမတ်နေရာ ၁၅၇ နေရာ အနက် ၁၀၉ နေရာတို့ကို အနိုင်ရရှိခဲ့ရာ[28] ၎င်းတို့သည် ၂၀၂၀ ခုနှစ်တွင် အနိုင်ရရှိခဲ့သော အမတ် နေရာ ၇၁ နေရာနှင့် နှိုင်းယှဉ်ပါက သိသိသာသာ တိုးတက်လာခြင်း ဖြစ်သည်။[29] ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီမှ ရွေးကောက်ပွဲ အနိုင်ရ အမတ်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ စစ်တပ် အတွက် သီးသန့်ဖယ်ထားသော အမတ်နေရာ ၁၆၆ နေရာနှင့်ပါ ပေါင်းပါက လွှတ်တော် အတွင်းရှိ စုစုပေါင်း အမတ်နေရာ ၅၈၆ နေရာအနက် ၅၀၇ နေရာကို ပူးတွဲ ရယူထားခြင်း ဖြစ်သည်။

---

[23] ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုတွင် ပါဝင်ခဲ့သည့် နိုင်ငံများတွင် ဘီလာရုစ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ နီကာရာဂွါ၊ ရုရှား ဖက်ဒရေးရှင်း နိုင်ငံ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သည်။

[24] https://www.gnlm.com.mm/civil-servants-urged-to-foster-love-for-nation/ တွင် ကြည့်ပါ။

[25] https://www.electionguide.org/elections/id/3319/ တွင် ကြည့်ပါ။

[26] https://cartercentee50c07c05.blob.core.windows.net/blobcartercentee50c07c05/wp-content/uploads/2025/09/myanmar-2015-final.pdf တွင် ကြည့်ပါ။

[27] https://anfrel.org/wp-content/uploads/2025/09/ANFREL_2025-Myanmar-Report_final_29-Sept-2025.pdf တွင် ကြည့်ပါ။

[28] https://www.moi.gov.mm/moi%3Aeng/news/20208 တွင် ကြည့်ပါ။

[29] https://networkmyanmar.org/ESW/Files/ANFREL_Democracy-Under-Attack-F.pdf တွင် ကြည့်ပါ။

## ၂။ တရားဥပဒေစိုးမိုးရေး၊ အခြေခံလွတ်လပ်ခွင့်များနှင့် မဲဆန္ဒရှင်များအပေါ် အကျပ်ကိုင်ခြင်း

၂၃။ အထူးသဖြင့် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အခြေအနေများတွင် စစ်တပ်သည် အခွင့် အာဏာကို ထင်သလို ကျင့်သုံးခြင်းနှင့် အခြေခံ လူ့အခွင့်အရေး ဆိုင်ရာ အာမခံချက်များအား ဆိုင်ငံ့ခြင်း တို့ကို ဆက်လက် လုပ်ဆောင်ခဲ့သည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ၏ အတည်ပြု ဖော်ပြချက် အရ အာဏာသိမ်းပြီးချိန်မှစ၍ နိုင်ငံရေး အကြောင်းပြချက် အမျိုးမျိုးဖြင့် အမျိုးသမီး ၆,၁၇၇ ဦးနှင့် ကလေးသူငယ် ၆၃၃ ဦး အပါအဝင် လူပေါင်း ၃၀,၅၀၈ ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက် အမျိုးသမီး ၄,၂၆၁ နှင့် ကလေး သူငယ် ၂၅၀ ဦး အပါအဝင် ၂၂,၇၉၉ ဦးတို့မှာ ဖမ်းဆီး ထိန်းသိမ်းခံထားရဆဲ ဖြစ်ကြောင်း သိရသည်။ ရွေးကောက်ပွဲနှင့် ဆက်စပ်၍ အကျဉ်းထောင် အသီးသီးရှိ နိုင်ငံရေး အကျဉ်းသားများအား ရွေးကောက်ပွဲတွင် မဲပေးရန် အကျပ်ကိုင် စေခိုင်းမှုများ ရှိခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာ စစ်တပ်မှ ထုတ်ပြန်သည့် ကိန်းဂဏန်းများ အရ ရွေးကောက်ပွဲ မတိုင်မီ ကာလများ၌ အွန်လိုင်းပေါ်တွင် ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဝေဖန်မှု အနည်းငယ် ပြုလုပ်လျှင်ပင် အမျိုးသား ၃၂၄ ဦးနှင့် အမျိုးသမီး ၈၀ ဦးထက်မနည်း ဖမ်းဆီးအရေးယူခံခဲ့ရပြီး ပြစ်မှုနှင့် မမျှတသည့် ကြီးလေးသော ပြစ်ဒဏ်များအား ချမှတ်လေ့ ရှိရာ ဖြစ်စဉ်ဖြစ်ရပ် တစ်ခုတွင် ရွေးကောက်ပွဲ ဆန့်ကျင်ရေး အကြောင်းအရာများအား ဖြန့်ဝေသည့် အတွက် ထောင်ဒဏ် ၄၉ နှစ် ချမှတ်ခဲ့သည်။[30]

၂၄။ သဘောထား ကွဲလွဲမှုများ အပေါ် စစ်တပ်၏ သည်းခံခြင်း မရှိသည့် အခြေအနေကို မြင်ရလေ့ရှိပြီး ပြည်သူ့ ရှေ့ဆောင် ပါတီ ဥက္ကဋ္ဌအား ဖမ်းဆီး ထိန်းသိမ်းမှုက သက်သေ ပြနေကာ သူမသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား စီမံခန့်ခွဲမှု အပေါ် လူသိရှင်ကြား ဝေဖန်ခဲ့ပြီးနောက် နိုင်ငံခြား သံတမန်များနှင့် ခွင့်ပြုချက် မရှိဘဲ ဆက်သွယ်သည် ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် သူမကို ပြန်လည် လွှတ်ပေးခဲ့သော်လည်း နေအိမ် အကျယ်ချုပ်နှင့် ဆင်တူသော ကန့်သတ်ချက်များဖြင့် သူမကို ထားရှိကြောင်း သတင်းထွက်ခဲ့သည်။ ဤအမှုနှင့် အခြား ဖြစ်စဉ်များ အရ မြန်မာ စစ်တပ် အနေဖြင့် ပုံစံတစ်မျိုးမျိုးဖြင့် သဘောထား ကွဲလွဲမှုများကို ထုတ်ဖော် ပြောဆိုရန် အခွင့်မပေးကြောင်း ပြသနေပြီး အရပ်ဘက် ကဏ္ဍနှင့် အခြေခံ လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ခြယ်ခြင်းနှင့် သတင်း မီဒီယာ လုပ်ငန်းစဉ်များကို ထိန်းချုပ်ခြင်းကို ပိုမို ဆောင်ရွက်လာကြောင်း ပြသနေသည်။[31] အင်တာနက် ဖြတ်တောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေခြင်းနှင့် ဖုန်း၊အင်တာနက် ချိတ်ဆက်မှု အကန့်အသတ်ရှိခြင်း တို့ကြောင့် ပြည်သူ လူထု အတွက် လွတ်လပ်သော သတင်း အချက်အလက်များ ရယူနိုင်ရန် အဟန့်အတား ဖြစ်စေကာ လူအမြောက်အများမှာ လုံခြုံရေး ဆိုင်ရာ အန္တရာယ် ကျရောက်နိုင်မှုများကို မသိရှိသဖြင့် သတင်း အချက်အလက် လက်လှမ်းမီ ရနိုင်မှုမှာ ဆက်လက်၍ စိုးရိမ်ဖွယ်ရာ ကောင်းသော အခြေအနေတွင် ရှိနေပါသည်။ ကချင်၊ မကွေး၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်းနှင့် တနင်္သာရီတိုင်းတို့တွင် ဆက်သွယ်ရေး ပြတ်တောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသောကြောင့် ကျွမ်းကျင် စောင့်ကြည့် လေ့လာသူများက အစီရင်ခံခဲ့သည်။[32]

၂၅။ နိုင်ငံအဝှမ်းတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုပေါင်း ၂၅၀ ကျော် ဖြစ်ပွားခဲ့ပြီး ယင်းတို့ အနက် ဆန္ဒထုတ်ဖော်မှု ၁၀၀ ခန့်မှာ ရွေးကောက်ပွဲ မတိုင်မီ ကာလအတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဆန္ဒထုတ်ဖော်မှု အများစုသည် စစ်တပ် ထိန်းချုပ်မှု ပြင်ပ နယ်မြေတွင် ပြုလုပ်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်မှု အများဆုံး အဖြစ် စစ်ကိုင်းတိုင်း၊ ယင်းမာပင် မြို့နယ်တွင် ဆန္ဒ ထုတ်ဖော်မှု ၁၃၂ ကြိမ် အထိ မှတ်တမ်းတင်နိုင်ခဲ့သည်။ ဖော်ပြပါ ဆန္ဒထုတ်ဖော်ပြမှုများ အနက် အနည်းငယ်မျှသာ

30 https://cjplatform.com/over-400-charged-under-election-law-as-myanmar-junta-pushes-third-phase-of-sham-polls/ တွင် ကြည့်ရှုပါ။

31 https://www.icnl.org/our-work/myanmar?ki-cf-botcl=1 တွင် ကြည့်ရှုပါ။

32 https://www.myanmarinternet.info/internet-shutdown တွင် ကြည့်ရှုပါ။

ရန်ကုန်နှင့် မန္တလေး ကဲ့သို့သော မြို့ပြဒေသများတွင် အထူးသဖြင့် မဲပေးသည့် နေ့ရက် ဝန်းကျင်၌ ဖြစ်ပွားခဲ့သည်။

၂၆။ လမ်းနှင့် တံတားများပေါ်တွင် စစ်ဆေးရေး ဂိတ်များ အများအပြား ချထားခြင်းကြောင့် ပြည်သူများ လှုပ်ရှားသွားလာမှု အပေါ် ကြီးစွာသော အကန့်အသတ်များ ရှိကြောင်း၊ ထိုဂိတ်များတွင် အရပ်သား ပြည်သူ အပေါ် နှောင့်ယှက်ခြင်းနှင့် အကျပ်ကိုင် ငွေကြေးတောင်းခံမှုများ ရှိကြောင်း တွေ့ဆုံဆွေးနွေးသူများက ပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးသူ တစ်ဦး၏ ပြောကြားချက် အရ မဲရုံသို့ သွားရန် ၇၅ မီတာ အတွင်း စစ်ဆေးရေးဂိတ် ၄ ခုကို ဖြတ်ကျော်ခဲ့ရပြီး ဂိတ်တိုင်းတွင် အတင်းအကျပ် လာဘ်ငွေ တောင်းခံမှုများ ရှိခဲ့ကြောင်း သိရသည်။ စစ်တပ်သည် "လူပုဂ္ဂိုလ်အား စစ်ဆေး မေးမြန်းခြင်းနှင့် စောင့်ကြည့် ထောက်လှမ်းသည့် စနစ်" (Person Scrutinization and Monitoring System) အား ကျင့်သုံးမှုအပါအဝင် စောင့်ကြည့်ထောက်လှမ်းမှုများ ပိုလုပ်လာကြောင်း အရပ်ဘက် လူမှု အဖွဲ့အစည်းများက သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။[33]

၂၇။ OHCHR မှ ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် တိုင်ပင်ဆွေးနွေးမှုများ အရ ရွေးကောက်ပွဲကို အကြောက်တရားနှင့် ခြိမ်းခြောက် အကျပ်ခံရသည့် အခြေအနေ အောက်တွင် ကျင်းပခဲ့ကြောင်းနှင့် အပြောင်းအလဲ အတွက် ရွေးချယ်ခွင့်နှင့် အလားအလာများနှင့် ဆက်စပ်၍ လုံးဝ စိတ်ဝင်စားမှု မရှိသည့် အခြေအနေ တစ်ရပ်တွင် ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးသူ အချို့၏ ပြောပြချက် အရ ၎င်းတို့ မဲပေးရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မဲမပေးပါက လက်တုံ့ပြန် အရေးယူခံရမည်ကို စိုးရိမ်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။ အချို့ကမူ လက်ရှိ အကျပ်အတည်းများ ပြီးဆုံးသွားမည်ဟု မျှော်လင့်ကာ အလွန်အမင်း အကျပ်ရိုက်နေမှုကြောင့် မဲပေးခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ ဝန်ထမ်းများကို မဲပေးရန် တောင်းဆိုခဲ့ကြောင်း သတင်းရရှိပြီး အုပ်ချုပ်ရေးမှူးများက ပြည်သူ လူထု၏ နေအိမ်များကို တစ်အိမ်တက်ဆင်း လိုက်လံ၍ မဲပေးကြရန် ညွှန်ကြားလေ့ရှိခဲ့သည်ဟု သိရသည်။ တွေ့ဆုံဆွေးနွေးသူ အချို့၏ အဆိုအရ ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ ဆက်လက် လည်ပတ်နိုင်ရေး အတွက် အတွက် မဲပေးခဲ့ကြောင်း၊ မဲပေးထားသည့် အထောက်အထား မရှိပါက ပတ်စ်ပို့ နိုင်ငံကူး လက်မှတ် သို့မဟုတ် အခြားသော အရေးကြီး စာရွက်စာတမ်းများ လုပ်ဆောင်ခွင့် ဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် မဲပေးခဲ့ရသည်ဟု သိရသည်။ ရွေးကောက်ပွဲတွင် မဲပေးရန် အဓမ္မ ဖိအားပေးမှုများ၊ ငွေကြေး အတင်းအကျပ် တောင်းခံမှုများ၊ လာဘ်ပေးလာဘ်ယူမှုများနှင့် အကျဉ်းချ ဖမ်းဆီးထိန်းသိမ်းခံရထားသော ဆွေမျိုးများကို အန္တရာယ် ပြုမည်ဟု ခြိမ်းခြောက်မှုများ ရှိခဲ့ကြောင်း အခြား ဆွေးနွေးသူများက ထုတ်ဖော် ပြောဆိုခဲ့သည်။ စားနပ်ရိက္ခာ ရရှိမည့် လမ်းကြောင်းကို ဖြတ်တောက်ခြင်းနှင့် နေအိမ် ပိုင်ဆိုင်မှုများအား သိမ်းဆည်းမည်ဟု ခြိမ်းခြောက်ခြင်း အပါအဝင် အဓမ္မ စစ်မှုထမ်းစေသည့် ခြိမ်းခြောက်မှုများအား နေရပ်စွန့်ခွာ တိမ်းရှောင်ကြသူများကိုလည်း ပစ်မှတ်ထား လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။ နယ်စပ် ဖြတ်သန်းခွင့် မပေးခြင်း၊ နိုင်ငံကူး လက်မှတ် ပတ်စ်ပို့ သက်တမ်း တိုးပေးရန် ငြင်းဆန်ခြင်း၊ ယဉ်မောင်း လိုင်စင်နှင့် တက္ကသိုလ် ကျောင်းအပ်ကဒ်များ ထုတ်ပေးရန် ငြင်းဆန်ခြင်း အပါအဝင် စီမံအုပ်ချုပ်ရေး ကန့်သတ်ချက်များ ဖော်ဆောင်လာကြောင်း ကြားသိခဲ့ရသည်။ မဲဝယ်ယူရန် အပေးအယူ လုပ်သည့် အနေဖြင့် လျှပ်စစ် မီတာခ ပေးဆောင်ပေးခြင်း၊ နိုင်ငံရေး လူထုဟောပြောပွဲများတွင် အစားအစာ ဝေငှခြင်းနှင့် နေ့စားခ ပေးခြင်း စသည့် မက်လုံးပေးမှုများ ရှိခဲ့ကြောင်း တွေ့ဆုံဆွေးနွေးသူများက အစီရင်ခံ တင်ပြခဲ့သည်။ အကျဉ်းသားများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းတွင် ကြိုတင် မဲပေးစေခဲ့ပြီး မဲမပေးလျှင် ထပ်တိုး ပြစ်မှုများဖြင့် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် မဲပေးလျှင်

---

[33] https://bangkok.ohchr.org/sites/default/files/documents/2026-02/ohchr_myanmar_annual_update_2025.pdf တွင် ကြည့်ပါ။

အနာဂတ် လွတ်ငြိမ်းချမ်းသာခွင့်များတွင် ထည့်သွင်းပေးမည်ဟု ကမ်းလှမ်းခြင်းများ ရှိခဲ့ကြောင်း သတင်း ရရှိသည်။

၂၈။ ရွေးကောက်ပွဲ မဲပေးသည့် နေ့များတွင် မဲရုံများ၏ ဝန်းကျင် အခြေအနေမှာ စစ်ရေး အရ အလွန်အမင်း တင်းကျပ်ထားသည့် အနေအထား ရှိကြောင်း ဖော်ပြခဲ့ကြသည်။ မဲရုံ အတွင်းနှင့် အပြင်တွင်ပါ လက်နက်ကိုင် အဖွဲ့များ ရှိနေခြင်းနှင့် မဲရုံ ရှိရာ နေရာများသို့ ဝင်ထွက် သွားလာခွင့်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်မှုများ ရှိကြောင်း တွေ့ဆုံ ဆွေးနွေးသူများက ပြောကြားခဲ့သည်။ လက်နက်ကိုင် စစ်သားများ ရှိနေခြင်းနှင့် မဲပေးပြီးကြောင်း အမှတ်အသား ပြုထားသည့် မဲဆန္ဒရှင် စာရင်းများကို ဒေသဆိုင်ရာ အာဏာပိုင်များထံ တင်ပြရန် လိုအပ်ခြင်းတို့သည် လျှို့ဝှက် မဲပေးခွင့်နှင့် ဆက်စပ်၍ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ပြည်သူ့ဘဝ မလုံခြုံမှု များပြားလာခြင်းနှင့် မဲပေးသည့် အရပ်သားများ အပေါ် တိုက်ခိုက်မှုများ ရှိလာမည် ဟူသော စိုးရိမ်ပူပန်မှုများမှာ လက်တွေ့ မဖြစ်လာဘဲ မဲပေးသည့် နေ့များတွင် လေကြောင်း တိုက်ခိုက်မှု အပါအဝင် တိုက်ပွဲ ဖြစ်ပွားမှုများ လျော့ကျခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

# ၄။ မြေပြင်ရှိ အကာအကွယ်ပေးရေး ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ

## က။ အရပ်သားများအား အကာအကွယ်ပေးရေး ဆိုင်ရာ အစပျိုး လုပ်ဆောင်မှုများ

၂၉။ အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ အဝှမ်း အရပ်သား ပြည်သူ အပေါ် ထိခိုက်မှု ရှိသည့် အကြမ်းဖက်မှု ဆိုင်ရာ ဖြစ်ပေါ် ပြောင်းလဲမှုများနှင့် ပုံစံတူ အခင်းအကျင်းများကို OHCHR က မှတ်တမ်း တင်နိုင်ခဲ့သည်။ စစ်တပ်၏ လေကြောင်းနှင့် မြေပြင် စစ်ဆင်ရေးများ၊ ဒစ်ဂျစ်တယ် နည်းပညာဖြင့် စောင့်ကြည့် ထောက်လှမ်းမှုများနှင့် အခြေခံ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်မှုများသည် အကာအကွယ်ပေးရေး ဆိုင်ရာ ဘေးအန္တရာယ်များကို ပိုမို မြင့်တက်စေခဲ့ပြီး စားနပ်ရိက္ခာ၊ စက်သုံးဆီနှင့် ဆေးဝါး ပစ္စည်းများ အပေါ် ကန့်သတ်ပိတ်ပင်မှုများက လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းကို ပိုမို ဆိုးရွားစေခဲ့သည်။ စစ်တပ် အဖွဲ့ဝင်များသည် မြေပြင် စစ်ဆင်ရေးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုနှင့် လေကြောင်း တိုက်ခိုက်မှုများ အပြင် အခြားသော တိုက်ခိုက်မှုများ မပြုလုပ်မီ ဒေသခံ ပြည်သူများအား ကြိုတင် သတိပေးခြင်း အပါအဝင် အရပ်သားများကို အကာအကွယ် ပေးရန် မည်သည့် အစီအမံကိုမျှ မလုပ်ခဲ့သလို၊ လုံလောက်စွာ လုပ်ဆောင်ရန်လည်း ပျက်ကွက်ခဲ့သဖြင့် ပြည်သူများမှာ အကြမ်းဖက်မှု၏ သက်ရောက်မှုများကို ပိုမို ဆိုးရွားစေခဲ့သည်။ အခြားသော လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း အရပ်သားများကို အကာအကွယ် ပေးရမည့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်ရန် အတွက် လုံလောက်သော အရင်းအမြစ်များ သုံးစွဲရန် ပျက်ကွက်ခဲ့သဖြင့် အရပ်သား ပြည်သူများ တိုက်ခိုက်ခံရနိုင်ခြေ ရှိသည့် ဆိုးရွားလှသော အကာအကွယ် ပေးရေး ဆိုင်ရာ အကျပ်အတည်း တစ်ခုဆီသို့ ဦးတည်စေခဲ့သည်။

၃၀။ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ဒေသန္တရ အစိုးရ အဖွဲ့များသည် မြန်မာ အစိုးရ အဆင့် ဝန်ဆောင်မှု ပေးခြင်း မရှိသည့် အခြေအနေနှင့် စစ်တပ်က ပြည်သူလူထု အပေါ် စဉ်ဆက်မပြတ် တိုက်ခိုက်နေမှုများ ရှိနေသော်လည်း လူ့အသက် ကယ်ဆယ်ရေး၊ အရပ်သားများကို အကာအကွယ် ပေးရေးနှင့် အဓိက ကျသော အခြေခံ ဝန်ဆောင်မှုများအား အနိမ့်ဆုံး အဆင့်ထက် မနည်း လက်လှမ်းမီ ရရှိစေရေး အတွက် မလွှဲမရှောင်သာ တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။ မြေပြင် အဆင့်တွင် ကြုံတွေ့ရသည့် ခက်ခဲကျပ်တည်းမှုများနှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာ အသိုက်အဝန်းမှ နိုင်ငံရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ ပံ့ပိုးကူညီမှု အနည်းငယ်သာ ရရှိသော်လည်း ဖော်ပြပါ သက်ဆိုင်ရာ အဖွဲ့များ၊ အထူးသဖြင့် အမျိုးသမီး အဖွဲ့များသည် ရှေ့တန်းမှ ဦးဆောင်၍ အခက်အခဲကြားတွင်

ကြံ့ကြံ့ခံနိုင်စွမ်း၊ အခြေအနေနှင့် အညီ ပြောင်းလွယ်ပြင်လွယ် ဆောင်ရွက်နိုင်စွမ်း၊ အရင်းအမြစ် ရှာဖွေနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အရေးများ အတွက် တစိုက်မတ်မတ် ဆောင်ရွက်နိုင်စွမ်းများ ပြသကာ မရေတွက်နိုင်သော အရပ်သား ပြည်သူ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ငလျင်လှုပ်ခတ်ပြီးနောက် မြန်မာ စစ်တပ်သည် ငလျင်ဘေးသင့် အရပ်သား ပြည်သူများ နေထိုင်ရာ ဒေသများကို ဆက်လက် ဗုံးကြဲခြင်းနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီပေးမှုများအား နှောင့်ယှက် တားဆီးမှုများ ပြုလုပ်ခဲ့သော်လည်း ဒေသအလိုက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ချက်များသည် လူ့အသက်ပေါင်း ထောင်နှင့်ချီ၍ ကယ်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

၃၁။ အကာအကွယ် ပေးရေး ယန္တရားများ၊ နည်းဗျူဟာများနှင့် အစပျိုး ဆောင်ရွက်ချက်များသည် တည်နေရာ၊ ကုန်စည်နှင့် ပစ္စည်းများအား လက်လှမ်းမီ ရရှိနိုင်သည့် နိုင်ငံတကာ နယ်စပ်မျဉ်းများနှင့် နီးကပ်မှု အနေအထား၊ အဆိုပါ အစီအမံများအား အကောင်အထည် ဖော်ဆောင်ပေးနေသည့် အဖွဲ့များ၊ ဒေသန္တရ အုပ်ချုပ်ရေး စနစ် အမျိုးအစားနှင့် ပြင်ပမှ ကူညီထောက်ပံ့နိုင်မှု အဆင့် စသည့် အချက်များ အပေါ်တွင် မူတည်၍ များစွာ ကွဲပြားခြားနားမှု ရှိပါသည်။ OHCHR မှ ရရှိခဲ့သော တွေ့ဆုံ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ခွဲခြမ်းစိတ်ဖြာချက် အရ အရပ်သားများကို အကာအကွယ်ပေးရန် ကြိုးပမ်းနေကြသော ဒေသခံ အဖွဲ့အစည်းများ အကြား တူညီသော အချက် အချို့ ရှိကြောင်း ဖော်ပြနေပါသည်။ လက်ရှိ အကာအကွယ်ပေးရေး အစီအမံများအား ရှင်းလင်း ဖော်ပြရာတွင် ၎င်းအစီအမံများအား စစ်တပ်က ပစ်မှတ်ထား တိုက်ခိုက်မည်ကို စိုးရိမ်ပူပန်မှုများ ရှိသော်လည်း အရပ်သားများအား အကာအကွယ်ပေးရေး လိုအပ်ချက်များကို ဖြေရှင်းရန် ရည်ရွယ်၍ ရေးဆွဲထားသည့် တုံ့ပြန်ဆောင်ရွက်မှု အမျိုးအစား ၁၀ မျိုးကို တွေ့ဆုံဆွေးနွေးသူများက ရှင်းလင်း ပြောကြားခဲ့ပါသည်။

## ၁။ ကြိုတင်သတိပေး စနစ်များ

၃၂။ ကြိုတင် သတိပေး စနစ်သည် နိုင်ငံတစ်ဝှမ်းရှိ အရပ်သားများ အသက်ရှင် လွတ်မြောက်ရေး အတွက် အဓိက ယန္တရားတစ်ခု ဖြစ်လာခဲ့သည်။ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော ပဋိပက္ခများမှ အတွေ့အကြုံများ အပေါ် အခြေခံ၍ လက်ဝယ် ရရှိနိုင်သော စက်ကိရိယာနှင့် နည်းပညာသစ်များကို အများဆုံး အသုံးချကာ ဖန်တီးထားသော ထိုအချက်ပေး စနစ်များသည် လေကြောင်း တိုက်ခိုက်မှု အန္တရာယ်၊ စစ်ကြောင်း ထိုးလာမှုများနှင့် ဖြစ်လာနိုင်သည့် အကြမ်းဖက် သတ်ဖြတ်မှုများကို ကြိုတင် သတိပေးနိုင်ခဲ့ရာ အရပ်သား ပြည်သူ အမြောက်အများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန်နှင့် ဘေးကင်း လုံခြုံရာသို့ သွားရောက် ခိုလှုံနိုင်ရန် အထောက်အကူ ပြုခဲ့သည်။ အချို့ဒေသတွင် လေယာဉ် ထွက်ခွာပျံသန်းမှု၊ တပ်ဖွဲ့ ရွှေ့လျားမှုနှင့် အခြား ဘေးအန္တရာယ် ဖြစ်နိုင်ခြေ ရှိသော အခြေအနေများကို စောင့်ကြည့်ဖော်ထုတ်ရန် ၂၄ နာရီ၊ အချိန်ပြည့် စောင့်ကြည့်ရေး စင်တာများကို ဒေသခံ ရပ်ရွာ အသိုက်အဝန်းက ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး ရနိုင်သည့် အချိန်တိုင်း စကားပြော စက်များ၊ ဂြိုလ်တုဖုန်းများနှင့် အွန်လိုင်းမှ သတင်း စကားပို့သည့် ပလက်ဖောင်းများကို အသုံးပြု၍ အရပ်သားများထံ သတင်းပေးပို့ခဲ့ကြသည်။ နေရာ ဒေသ အများစုတွင် အသံချဲ့စက်များ၊ လှိုင်းတိုဖြင့် ပေးပို့နားဆင်နိုင်သော ရေဒီယိုများ၊ ခေါင်းလောင်းများ သို့မဟုတ် သေနတ် ပစ်ဖောက်မှုများကို သတိပေး အချက်ပြရန် ရည်ရွယ်၍ အသုံးပြုခဲ့သည်။ လက်ကမ်း စာစောင်၊ ဆိုင်းဘုတ်နှင့် လုံခြုံရေး ဆိုင်ရာ သတင်းစကားနှင့် ညွှန်ကြားချက်များကို ပေးပို့နိုင်သော အခြား ပုံစံအမျိုးမျိုးကိုလည်း အစီရင်ခံ တင်ပြခဲ့ကြသည်။ ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့အချို့သည် အရပ်သားအား အကာအကွယ် ပေးရေး အတွက် တာဝန်ယူခဲ့ကြပြီး အရေးပေါ် တုံ့ပြန်မှု၊ လူထု စုဝေးပွဲများနှင့် ညအချိန်တွင် မီးနှင့် လျှပ်စစ်မီး ပေးမှုတို့နှင့် စပ်လျဉ်း၍ မူဝါဒများနှင့် နည်းဥပဒေများကို ရေးဆွဲချမှတ်ခြင်း အပါအဝင်

ကြိုတင်သတိပေး စနစ်ကို မြို့နယ် အဆင့် အုပ်ချုပ်ရေး ယန္တရားများနှင့် လုံခြုံရေး ကောင်မတီများ အတွင်း အဖွဲ့အစည်းပိုင် ယန္တရားများ အဖြစ် စနစ်တကျ ထည့်သွင်း ဖွဲ့စည်းခဲ့သည်။

၃၃။ လူမှု အသိုင်းအဝန်းများသည် စစ်တပ်မှ အင်တာနက်နှင့် ဖုန်း ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ကန့်သတ်မှုအား တမူထူးခြားသော ဖြေရှင်းနည်းများဖြင့် ကျော်လွှားကြသော်လည်း အရပ်သားများ အပေါ် လေကြောင်း တိုက်ခိုက်မှုနှင့် ဝင်ရောက်စီးနင်းမှုကြောင့် အလွန် ထိခိုက် နစ်နာမှု များပြားပြီး တိုက်ခိုက်မှုများ မတိုင်မီ ကြိုတင်သတိပေးချိန် လုံလောက်မှု မရှိခြင်းကြောင့် သက်ကြီးရွယ်အိုများ၊ ဖျားနာနေသူများ၊ မသန်စွမ်းသူများနှင့် ထွက်ပြေးတိမ်းရှောင်ရန် အခက်အခဲ ရှိသူများ အပါအဝင် လူအများအပြား သေဆုံးခဲ့ရသည်။ မြန်မာ စစ်တပ်မှ အမြင့်ပျံ ဒရုန်းများ အသုံးပြုလာခြင်းနှင့် ညအချိန် လေကြောင်း တိုက်ခိုက်မှုများ ဖော်ဆောင်လာခြင်းတို့ကြောင့် လူထု အခြေပြု ကြိုတင်သတိပေး စနစ်များ၏ ယေဘူယျ ထိရောက်မှုကိုပါ အကန့်အသတ်များ ရှိစေပြီး လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု အဆင့်အား ပိုမို မြင့်မားစေခဲ့သည်။ ထို့အပြင် အကာအကွယ်ပေးရေး ဆိုင်ရာ ယန္တရား အများအပြားသည် စေတနာ့ ဝန်ထမ်းများ၏ လုပ်အားကိုသာ မှီခိုနေရပြီး အနိမ့်ဆုံး အရင်းအမြစ်များဖြင့်သာ လုံခြုံရေး ပေးနေရသည့် အတွက် နိုင်ငံတကာ၏ ဘဏ္ဍာရေး ထောက်ပံ့ ကူညီမှု ရုတ်သိမ်းသွားခြင်းက အကာအကွယ် ပေးရေး အခြေအနေအား ပိုမို ဆိုးရွားလာစေကြောင်း တွေ့ဆုံဆွေးနွေးသူများက မှတ်ချက်ပြုခဲ့ကြသည်။

## ၂။ အကာအကွယ် ပေးရေး ဆိုင်ရာ အခြေခံ အဆောက်အအုံများ

၃၄။ ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ၊ ပါရာမော်တာများနှင့် ဂျိုင်ရို ကော့ပတာများဖြင့် ဖော်ဆောင်သော လေကြောင်းတိုက်ခိုက်မှုများကြောင့် တစ်နိုင်ငံလုံးရှိ ရပ်ရွာ လူမှု အသိုင်းအဝန်းမှာ အိမ်အတွင်း ဗုံးခိုကျင်းများနှင့် မိမိ ကျွမ်းကျင်သလို တည်ဆောက်ထားသော ဗုံးဒဏ်ခံ ယာယီ အဆောက်အအုံများ အပါအဝင် အကာအကွယ် ပေးရေး ဆိုင်ရာ အခြေခံ အဆောက်အအုံများကို မဖြစ်မနေ တည်ဆောက်လာရသည်။ ဒေသန္တရ အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေး ယန္တရားများသည် လူထုကို အသိပညာ ပေးခြင်းနှင့် အိမ်ထောင်စု အလိုက် ဗုံးခိုကျင်း တည်ဆောက်ရေးနှင့် အရေးပေါ်အခြေအနေ၌ ဘေးကင်းရာသို့ ရွှေ့ပြောင်းရေး လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီခြင်းတို့၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသဖြင့် အသက်ပေါင်းများစွာ ကယ်တင်နိုင်ရန် အထောက်အကူပြုခဲ့သည်။ သို့ရာတွင် ဗုံးခိုကျင်း တည်ဆောက်ရာ၌ ပုံမှန်အားဖြင့် ကိုယ်ပိုင်ငွေဖြင့် တည်ဆောက်ရပြီး ဒေသတွင်း ရရှိနိုင်သော ဆောက်လုပ်ရေး ပစ္စည်းများကိုသာ အကန့်အသတ်ဖြင့် အသုံးပြုရသည့် အတွက် ဗုံးခိုကျင်း အများစုမှာ ဖွဲ့စည်းတည်ဆောက်ပုံ အရ အားနည်းပြီး ပိုမို ပြင်းထန်သော လက်နက်ကြီးများ၏ ဒဏ်ကို ခံနိုင်ရည် မရှိကြပေ။ စစ်တပ်သည် ဆောက်လုပ်ရေး ပစ္စည်း အပါအဝင် ကုန်စည်များအား ပိတ်ဆို့တားဆီးထားခြင်းကြောင့် အရပ်သားများအား ပိုမို အကာအကွယ် ပေးနိုင်မည့် လူထုစွမ်းရည်ကို တိုက်ရိုက် လျော့ကျစေခဲ့သည်။ လက်နက်ကိုင် အဖွဲ့အစည်းများ ရောနှော ထိန်းချုပ်ပြီး ကုန်စည် ရရှိနိုင်မှု ပိုမို ကောင်းမွန်သည့် ဒေသများတွင် ထိုကဲ့သို့ အကာအကွယ် ပေးရေး အစီအမံများ ပြုလုပ်ထားခြင်းကို မြန်မာ စစ်တပ်က ၎င်းတို့ကို ဆန့်ကျင်သည့် အဖွဲ့အစည်းများ တည်ရှိနေသည့် သက်သေ အဖြစ် မှတ်ယူကာ ပစ်မှတ်ထား တိုက်ခိုက်လာမည်ကို စိုးရိမ်ပူပန်ကြောင်း တွေ့ဆုံဆွေးနွေးသူများက ဖော်ပြခဲ့သည်။

၃၅။ စစ်တပ်၏ တိုက်ခိုက်မှုကြောင့် ဘာသာရေး အဆောက်အအုံ၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် စစ်ဘေးရှောင် စခန်းများ အပါအဝင် အခြား အရပ်ဘက် အဆောက်အအုံများ ထိခိုက် ပျက်စီးခဲ့ရပြီး အရပ်သားများ ဘေးကင်းလုံခြုံရေး အတွက် ရွေးချယ်စရာများကို ဆုံးရှုံးရသလို အရပ်သားများကို အကာအကွယ် ပေးသည့် နေရာများအား လုံးဝ ပျက်သုဉ်းစေခဲ့သည်။ ဘဏ္ဍာရေး ဆိုင်ရာ အကန့်အသတ်များကြောင့် လိုအပ်ချက် ရှိနေသော အဆောက်အအုံများကို ပြုပြင်မွမ်းမံမှုများ မလုပ်နိုင်ခဲ့သော်လည်း ဒေသန္တရ အသိုက်အဝန်းများသည် ၎င်းတို့၏ အကာအကွယ် ပေးနိုင်စွမ်းကို

မြှင့်တင်နိုင်ရေး အတွက် စာသင်ကျောင်းများနှင့် ကျန်းမာရေး အဆောက်အအုံများကို အားဖြည့် တည်ဆောက်ရန် ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။ အလားတူပင် ဘဏ္ဍာရေး အခက်အခဲ ရှိသော အိမ်ထောင်စုများသည် ငွေကြေး ရင်းမြစ်များ သို့မဟုတ် အခြား ရွေးချယ်စရာများ မရှိသောကြောင့် အကြမ်းဖက်မှု အန္တရာယ်နှင့် ဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ အရပ်သားများသည် မိမိ အိမ်ထောင်စုအား အကာအကွယ် ပေးရေး အစီအမံများဖြင့် ၎င်းတို့၏ ရှင်သန်ရေး အတွက် ၎င်းတို့ ကိုယ်တိုင် တာဝန် ဖြေရှင်းနေရသည့် အခြေအနေမျိုး မဖြစ်စေရေး အတွက် အသက် ကယ်ဆယ်ရေး ဆိုင်ရာ ပံ့ပိုးကူညီမှုများ ပိုမို လိုအပ်နေကြောင်း တိုင်ပင်ဆွေးနွေးသူများက ထပ်တလဲလဲ အလေးပေး ပြောကြားခဲ့သည်။

## ၃။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းနှင့် ရှောင်ရှားခြင်း

၃၆။ အများပြည်သူနှင့် သက်ဆိုင်ရာ နေရာများနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ သို့မဟုတ် နိုင်ငံ ပြင်ပသို့ ထွက်ခွာရခြင်း အပါအဝင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းနှင့် ရှောင်ရှားခြင်းသည် စစ်တပ်၏ အကြမ်းဖက်မှုကြောင့် ဖြစ်လာသော မလုံခြုံမှု အန္တရာယ်အား တုံ့ပြန်နိုင်ရေး အတွက် အဓိက ကျင့်သုံးနေရသည့် အရပ်သား ဘေးကင်းလုံခြုံရေး နည်းဗျူဟာ အဖြစ် ဆက်လက် တည်ရှိနေသည်။ ရလဒ်အနေဖြင့် ၂၀၂၁ ခုနှစ်မှစ၍ လူဦးရေ သန်းပေါင်းများစွာသည် နေရပ် စွန့်ခွာ တိမ်းရှောင်ရမှုကို ကြုံတွေ့ခဲ့ရပြီး[34] နေရပ် စွန့်ခွာရပုံ အမျိုးအစားနှင့် ကာလ ကြာမြင့်ချိန်မှာ များစွာ ကွဲပြားခြားနားမှု ရှိသည်။ နေရပ်စွန့်ခွာရမှုကို ခေတ္တခဏသာ ယူဆကြသဖြင့် အရပ်သားများသည် သက်ကြီးရွယ်အို ဆွေမျိုးများ၊ ကျွဲနွား တိရစ္ဆာန်များ သို့မဟုတ် ၎င်းတို့၏ ကောက်ပဲသီးနှံများကို ကြည့်ရှုနိုင်ရန် အနီးအနား နေရာများတွင် ပုန်းအောင်းရန် စီစဉ်ခဲ့သော်လည်း နေရပ်စွန့်ခွာသည့် ကာလ ကြာရှည်လာသည့် အခါတွင် အသက်အန္တရာယ် စိုးရိမ်ရသည့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ ပူပန်မှုများကို တွေ့ကြုံခံစားခဲ့ရပါသည်။ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် မြောက်များစွာသော အရပ်သားများသည် ကြောက်ရွံ့စိုးရိမ်မှုကြောင့် မြန်မာ စစ်တပ် ထိန်းချုပ်ရာ ဒေသတွင် ဆေးဝါးကုသမှု ခံယူရန် ရှောင်ရှားခဲ့ကြရာ အသက်ကယ်ဆယ်နိုင်သည့် အခြေအနေ ရှိသော်လည်း မလိုလားအပ်ဘဲ သေဆုံးမှု များစွာ ရှိခဲ့သည်။ အချို့နေရာဒေသတွင် လက်နက်ကိုင် အဖွဲ့အစည်းများ၊ ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အရပ်သားများ ထွက်ပြေးခိုလှုံနိုင်မည့် ဘေးကင်းလုံခြုံသော နေရာများကို သတ်မှတ်ဖော်ထုတ်ရန် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသော်လည်း အရပ်သားများ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ရေး အတွက်မူ ၎င်းတို့ ကိုယ်တိုင် အဓိက တာဝန်ယူခဲ့ရသည်။ တောတွင်းနေရာ သို့မဟုတ် အခြားသော စစ်ဘေးရှောင် နေရာများတွင် မိသားစုဝင် အပါအဝင် ပျောက်ဆုံးနေသော ကလေးများ ပြန်လည် ပေါင်းစည်းရေး အတွက် အစပျိုး လုပ်ဆောင်မှုများကိုလည်း အစီရင်ခံ တင်ပြခဲ့သည်။ မြို့ပြနှင့် ကျေးရွာများတွင် ပစ်ခတ်တိုက်ခိုက်မှု ခံရနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် အများပြည်သူ ဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် စာသင်ကျောင်းနှင့် ဆေးရုံများအား မထင်မရှား အဆောက်အအုံများနှင့် မြေအောက် နေရာများသို့ ပုံမှန် နေရာ ပြောင်းရွှေ့ရလေ့ရှိသည်။ လူငယ်များသည် စစ်မှု မထမ်းမနေရ ဥပဒေဖြင့် ဆင့်ခေါ်ခြင်းနှင့် အဓမ္မ စစ်သား စုဆောင်းခံရမှုတို့မှ လွတ်မြောက်စေရန် တိမ်းရှောင်ခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း နည်းဗျူဟာများကိုလည်း ကျင့်သုံးခဲ့ရသည်။

## ၄။ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ

၃၇။ စစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ ဒေသများ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်မှု အောက်တွင် ကာလကြာရှည် တည်ရှိနေသော ဒေသများတွင် ရပ်ရွာ အသိုက်အဝန်းနှင့် အုပ်ချုပ်ရေး ယန္တရားများသည် အသစ် ထိန်းချုပ်ထားသော ဒေသများရှိ အရပ်သား ပြည်သူများ

[34] https://data.unhcr.org/en/country/mmr တွင် ကြည့်ရှုပါ။

အတွက် ကျန်းမာရေး ဝန်ဆောင်မှု အပါအဝင် စိတ်ဒဏ်ရာ ကုသရေး အတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ သေချာစွာ ရရှိစေရေး အတွက် အရင်းအမြစ်များနှင့် လုပ်ငန်းဆောင်တာများတွင် ရင်းနှီးမြုပ်နှံခဲ့ကြသည်။ ဒေသန္တရ စီမံအုပ်ချုပ်ရေး အဖွဲ့ အများအပြားသည် အကြမ်းမဖက် အာဏာ ဖီဆန်ရေး လှုပ်ရှားမှုမှ ကျန်းမာရေး ဝန်ထမ်းများ၏ အဓိကကျသော ကူညီပံ့ပိုးမှုများဖြင့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများကို စနစ်တကျ ပံ့ပိုးပေးနိုင်မည့် အခွင့်အရေး ရရှိခဲ့ကြသည်။ ဥပမာ ပေးရလျှင် ဒဏ်ရာ ရရှိခဲ့သော အရပ်သားများ အတွက် ပရဟိတ လူနာတင်ယာဉ် ဝန်ဆောင်မှု သာမက ရွေ့လျားဆေးခန်းများနှင့် ဆေးဘက်ဆိုင်ရာ အဖွဲ့များသည် ဝေးလံခေါင်းပါး၍ သွားလာရ ခက်ခဲသော ကျေးရွာများသို့ အရေးပေါ် ကူညီမှုများ ပေးရန် သွားရောက်ခဲ့ကြောင်း အစီရင်ခံ တင်ပြခဲ့ကြသည်။ ထိုသို့ သွားရောက်ရာတွင် အလွန် အန္တရာယ် ကြီးမားပါသော်လည်း လူငယ်နှင့် အမျိုးသမီး ကွန်ရက်များ၊ ဘာသာရေးနှင့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများသည် ရှေ့တန်းသို့ သွားကာ ကျန်းမာရေး ဝန်ဆောင်မှု ပေးသူများ အဖြစ် ဆက်လက် ဆောင်ရွက်ခဲ့ကြပြီး အသက် ကယ်ဆယ်ရေး ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်ရေး အတွက် ပါဝင် ကူညီခဲ့ကြသည်။

၃၈။ ဒေသနယ်ပယ် လွှမ်းခြုံကူညီနိုင်မှုနှင့် စွမ်းဆောင်ရည်ပိုင်း ဆိုင်ရာ ကန့်သတ်ချက်များသည် လိုအပ်ချက် ကြီးမားလာသည်နှင့် အတူ ဆက်လက် မြင့်မားလာခဲ့သည်။ အကြမ်းဖက်မှုကြောင့် ထိခိုက် ဒဏ်ရာရသူများနှင့် မသန်စွမ်း ဖြစ်သူ အရေအတွက်မှာ တရှိန်ထိုး မြင့်တက်လာပြီး ၎င်းတို့ အတွက် လုံလောက်သော ကျန်းမာရေး အထောက်အပံ့နှင့် ပြန်လည် ထူထောင်ရေး ဝန်ဆောင်မှုများ မရှိပေ။ ဆယ်စုနှစ်များစွာ ခက်ခဲစွာ ရရှိခဲ့သော ကျန်းမာရေး တိုးတက်မှုမှာ အာဏာသိမ်းပြီးနောက် နောက်ကြောင်းပြန် ဆုတ်ယုတ်သွားခဲ့ပြီး ကျေးလက် ဒေသရှိ ပြည်သူများနှင့် နေရပ်စွန့်ခွာရသည့် လူမှု အသိုက်အဝန်းသည် အထိခိုက်ဆုံးသူများတွင် ပါဝင်နေကြောင်း ကျွမ်းကျင်သူများ၏ ခွဲခြမ်း စိတ်ဖြာချက် အရ သိရသည်။[35] လူသားချင်း စာနာထောက်ထားမှု အကူအညီ ရရှိခွင့်ကို စစ်တပ်က ကန့်သတ်ထားသည့် အတွက် ကာကွယ်ဆေး အပါအဝင် ဆေးဝါး ပစ္စည်းများ အကြီးအကျယ် ပြတ်လပ်ခဲ့ပြီး အဟာရ ချို့တဲ့မှု၊ အရေပြား ရောဂါ၊ ကာလဝမ်း ရောဂါ၊ ငှက်ဖျားနှင့် အဆုတ်ရောင် ရောဂါ စသည့် ကျန်းမာရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ပိုမို မြင့်မားစေရန် တွန်းအားဖြစ်စေခဲ့သည်။ လူမှု အသိုက်အဝန်းများသည် စိတ်ပိုင်းနှင့် လူမှုရေး ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ အရေးပေါ် လိုအပ်ကြောင်း အစဉ်တစိုက် တင်ပြခဲ့သည်။ စစ်တပ်သည် ၎င်းတို့ ကိုယ်တိုင် ထိန်းချုပ်ထားသော ဒေသများတွင် လူထု အခြေပြု ကျန်းမာရေး အဖွဲ့အစည်းများ၏ လုပ်ငန်း လည်ပတ်မှုများနှင့် လုပ်ဆောင်ချက်များ အပေါ် ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ထားကြောင်း ယုံကြည်စိတ်ချရသော သတင်းများ ရရှိခဲ့ပြီး ထိုသို့ ပိတ်ပင်မှုကြောင့် မိခင်နှင့် ကလေး ကျန်းမာရေး အပြင် ရှင်သန်ရေး လုပ်ငန်း အစီအစဉ်များ အတွက် ကြီးစွာသော စိုးရိမ် ပူပန်မှုများ ဖြစ်စေခဲ့သည်။

## ၅။ အရေးပေါ် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ

၃၉။ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများသည် ထိခိုက်လွယ်ဆုံးသူများကို ကူညီရန် ငွေကြေး၊ ယာယီတဲ၊ စားနပ်ရိက္ခာ၊ ရေ၊ ဆေးဝါး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ ကျန်းမာရေး ဆွေးနွေး တိုင်ပင်မှုနှင့် သတင်း အချက်အလက်များ အပြင် အခြား ပံ့ပိုးမှုများ ပေးအပ်ခြင်းဖြင့် အရပ်သား ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ကာကွယ်စောင့်ရှောက်နိုင်စွမ်းကို ထိန်းသိမ်းပေးရန် အဓိက ကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။[36] အရေးပေါ် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဒေသခံ လက်နက်ကိုင် အဖွဲ့များနှင့် ဒေသ အလိုက် အခြေအနေ ပြောင်းလဲ ဖြစ်တည်မှုများကို ကောင်းစွာ သိရှိနားလည်ခြင်းကြောင့် ၎င်းတို့ အပေါ် ပတ်ဝန်းကျင်မှ ယုံကြည်မှု ရရှိရာ ၎င်းတို့သည်

[35] https://hiswg.org/wp-content/uploads/2025/08/Ethnic-Demographic-Health-Survey.pdf တွင် ကြည့်ရှုပါ။

[36] https://wp.progressivevoicemyanmar.org/wp-content/uploads/2025/09/Edited_Our-Shared-Responsibility_report_Final-1.pdf တွင် ကြည့်ရှုပါ။

ပဋိပက္ခ ဖြစ်ပွားသော ငါးနှစ်တာ ကာလ အတွင်း ၎င်းတို့၏ သက်ဆိုင်ရာ လူထု အသိုက်အဝန်းအား ကူညီထောက်ပံ့ရန် ထိရောက်သော စနစ်များနှင့် လုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ခဲ့ကြသည်။

၄၀။ ဒေသတွင်း၌ စားနပ်ရိက္ခာ ထုတ်လုပ်ရန်နှင့် ဖြန့်ချိရန် ဒေသခံ လူထု၏ ကြိုးပမ်းမှုများသည် မြန်မာ စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုနှင့် မီးရှို့ဖျက်ဆီးမှုကြောင့် သာမက မြေမြုပ်မိုင်းနှင့် သယ်ယူပို့ဆောင်ရေး စရိတ် အလွန် မြင့်များသောကြောင့် မကြာခဏ အဟန့်အတား ဖြစ်ခဲ့သည်။ ထိုအခြေအနေကြောင့် အလှူရှင်များ၏ ထောက်ပံ့ငွေ အပေါ်တွင်သာ ပို၍ မှီခိုအားထားလာရသည်။ အချို့သော ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များသည် လူသားချင်း စာနာထောက်ထားမှု အရေး ဆောင်ရွက်နေသူများ အတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာ ပံ့ပိုးမှုများ ပေးခဲ့ပြီး လတ်တလော နေရပ်စွန့်ခွာ ထွက်ပြေးရသူများကို ကူညီရန် မဟာဗျူဟာ ကျသော နေရာများ၌ စပါးဘဏ်များ တည်ထောင်ခြင်းနှင့် အနိမ့်ဆုံး လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ဆန်မျှဝေခြင်း အလေ့အထများကို ဖော်ဆောင်ခဲ့သည်။ စားနပ်ရိက္ခာ ပို့ဆောင်ရာတွင် လတ်တလော ဖြစ်ပျက်နေသည့် ပဋိပက္ခ အခြေအနေ အပေါ် အခြေခံကာ ပို၍ ဘေးကင်းစွာ ပို့ဆောင်နိုင်ရေးနှင့် စစ်ဆေးရေး ဂိတ်များနှင့် လေကြောင်း တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်ရန် ပြောင်းလွယ် ပြင်လွယ် ရှိသော စားနပ်ရိက္ခာ လက်လွှဲယူမည့် နေရာများကို သတ်မှတ်စီစဉ်နိုင်ရေး အတွက် ဒေသခံ သယ်ယူ ပို့ဆောင်ရေး ကော်မတီများမှတစ်ဆင့် မကြာခဏ ညှိနှိုင်း ဆောင်ရွက်ရလေ့ ရှိသည်။ စားနပ် ရိက္ခာ ပို့ဆောင်သူများသည် ကုန်တင်ယာဉ်များအား ဖြတ်သန်းသွားလာခွင့် မရသည့် အခါ စားနပ်ရိက္ခာ အိတ်များကို လူကိုယ်တိုင် ထမ်းပိုး သယ်ဆောင်ခဲ့ကြသည်။ စစ်ဆေးရေး ဂိတ်များ၊ အများအားဖြင့် မြန်မာ စစ်တပ် ဂိတ်များတွင် ကုန်စည်များ သိမ်းဆည်းခံရမှု အပါအဝင် လုံခြုံရေးနှင့် သယ်ယူ ပို့ဆောင်ရေး ဆိုင်ရာ အန္တရာယ်များကို လျှော့ချနိုင်ရန် ရည်ရွယ်၍ လိုအပ်သော ပစ္စည်းများအား ဒေသတွင်း၌ ဝယ်ယူရရှိနိုင်ပါက ငွေသားပံ့ပိုးမှုကို ပို၍ လိုလားကြောင်း တွေ့ဆုံဆွေးနွေးသူ အချို့က ရှင်းပြလေ့ရှိသည်။

## ၆။ ဂျန်ဒါ ကျားမ ရေးရာ အရ တုံ့ပြန်ဆောင်ရွက်သော အကာအကွယ်ပေးရေး ယန္တရားများ

၄၁။ ဂျန်ဒါ ကျားမ ရေးရာ အရ တုံ့ပြန်ဆောင်ရွက်သော အကာအကွယ် ပေးရေး ယန္တရားများ ထူထောင်ခြင်းသည် အထူးသဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသည့် နေရာ၌ လူဦးရေ ထူထပ်ခြင်းနှင့် အခြေခံ အဆောက်အအုံ မလုံလောက်ခြင်းတို့ကြောင့် အကြမ်းဖက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ခြေ များသည့် အချိန်မျိုးတွင် အမျိုးသမီးနှင့် ကလေးများအတွက် အရေးပါသော အကာအကွယ်များကို ပေးစွမ်းနိုင်ခဲ့ကြောင်း တွေ့ဆုံဆွေးနွေးသူများက အထူးပြု ပြောကြားခဲ့သည်။ အချို့သော ဒေသန္တရ ယန္တရားများ ရေးဆွဲ ဖော်ဆောင်ရာတွင် အမျိုးသမီးနှင့် လူငယ် အဖွဲ့အစည်းများလည်း ပါဝင်ခဲ့ပြီး ဂျန်ဒါ ကျားမ ရေးရာ တုံ့ပြန်ဆောင်ရွက်နိုင်သော နည်းလမ်းဖြင့် ဝန်ဆောင်မှု ပေးနိုင်မည့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ဒေသန္တရ စီမံအုပ်ချုပ်ရေး အဖွဲ့များနှင့် ရပ်ရွာ လူထု အသိုက်အဝန်းများသည် နေရပ်စွန့်ခွာလာသော မိသားစုများကို ပံ့ပိုးရာ၌ ပါဝင်ခဲ့ကြပြီး ကလေးများ ပညာသင်ကြားခွင့် ရရှိရေးအတွက်လည်း ကူညီပေးခဲ့ကြသည်။ အမျိုးသမီး အဖွဲ့အစည်းများသည် အကာအကွယ် ပေးရေး ဆိုင်ရာ အစပျိုး ဆောင်ရွက်ချက်များနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ရရှိခွင့်ကို ရေရှည်တည်တံ့စေရေး အတွက် ဒေသခံ အမျိုးသမီး ခေါင်းဆောင်များမှ အကူအညီ ရရှိရေး ညှိနှိုင်း ဆွေးနွေးမှုနှင့် ရပ်ရွာလူထု အခြေပြု အကူအညီ ရယူခွင့် နည်းဗျူဟာများ ရေးဆွဲခြင်း အားဖြင့် နက်နဲပြီး အခြေအနေနှင့်အညီ ပြောင်းလဲ ကျင့်သုံးနိုင်သော ချဉ်းကပ်မှုများကို ဖော်ဆောင်နိုင်ကြောင်း လက်တွေ့ ပြသခဲ့ကြသည်။ အမျိုးသမီး အဖွဲ့အစည်းများသည် ဂျန်ဒါ ကျားမ အခြေခံသော ခြိမ်းခြောက်မှုများကိုလည်း ဖော်ထုတ်ခဲ့ကြပြီး ထိရောက်မြန်ဆန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်ရေး အတွက် ကြိုတင် သတိပေး စနစ် အတွင်းသို့ သတင်း အချက်အလက်များ ပေးပို့ခဲ့ကြသည်။ အမျိုးသမီး အဖွဲ့များသည် ဂျန်ဒါ ကျားမ အခြေပြု အကြမ်းဖက်မှုများကို တားဆီး

ကာကွယ်ရန်နှင့် ကိုင်တွယ် ဖြေရှင်းရန် ဘေးကင်းလုံခြုံရာ နေရာများ (safe spaces) ကို သတ်မှတ်ထူထောင်ထားကြပြီး ကိုယ်တိုင် တည်ရှိခြင်းအားဖြင့် အကာအကွယ် ပေးသည့် နည်းဗျူဟာများ (protection-by-presence strategies) ကို လက်ခံကျင့်သုံးခဲ့ကာ အကြမ်းဖက်မှုနှင့် ခေါင်းပုံဖြတ်ခံရမှု အန္တရာယ်အား လျှော့ချရန် အများပြည်သူ သွားလာသည့် နေရာ၊ ပံ့ပိုးပစ္စည်းများ ဝေခြမ်းရာနေရာနှင့် ယာယီတဲ နေရာများတွင် အမျိုးသမီးများ စေတနာ့ဝန်ထမ်းများကို တာဝန်ချထားခဲ့သည်။ စစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ ဒေသအများအပြားတွင် ဒေသန္တရ စီမံအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသခံ အဖွဲ့အစည်းများသည် အရပ်သားများအား အကာအကွယ် ပေးရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများနှင့် ဆက်စပ်သော ညှိနှိုင်းဆောင်ရွက်ရေးနှင့် ဆုံးဖြတ်ချက်ချရေး အတွက် တာဝန် ရှိသော ကော်မတီများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေး အတွက် သတ်မှတ်အချိုးအစား (Quotas)နှင့် ဦးစားပေး ရာထူး တာဝန်များကို မိတ်ဆက် ဖော်ဆောင်ပေးခဲ့ပြီး စစ်ဘေးရှောင် စခန်းများ၏ ဦးဆောင်မှု အပိုင်းတွင်လည်း အမျိုးသမီးများ ကိုယ်စားပြု ပါဝင်ရေးကို သေချာစွာ ဆောင်ရွက်ခဲ့သည်။

## ၇။ ပညာရေးနှင့် အသိပညာမြှင့်တင်ရေး အစီအစဉ်များ

၄၂။ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အရပ်သားများ အကာအကွယ် ပေးရေး၊ ထိခိုက်မှု လျော့ပါးစေရေး အစီအမံများနှင့် တုံ့ပြန်ဆောင်ရွက်မှု ဆိုင်ရာ အသိပညာပေး အစီအစဉ်များမှ တစ်ဆင့် ပညာရေးနှင့် အသက်ကယ်နိုင်သည့် အရေးကြီး သတင်း အချက်အလက်များ ရရှိစေရန် ကြိုးပမ်း အားထုတ်မှုများကို ရှေ့တန်းမှ ဦးဆောင်ခဲ့ကြသည်။ လေကြောင်း တိုက်ခိုက်မှုများနှင့် မြေမြှုပ်မိုင်းများနှင့် ဆက်စပ်၍ အသိပညာပေးရန် ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူများ အတွက် သင်တန်းများကို စာသင်ကျောင်းများနှင့် လူထု တွေ့ဆုံပွဲများတွင် ပို့ချပေးခဲ့ပြီး ရေဒီယို၊ လူမှုကွန်ရက် မီဒီယာများနှင့် ပုံနှိပ်စာစောင်များမှ တစ်ဆင့်လည်း သတင်း အချက်အလက်များကို ဖြန့်ဝေခဲ့ကြသည်။ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ပစ္စည်းများအား စနစ်တကျ မြေပုံညွှန်းဖြင့် မှတ်သားခြင်း လုပ်ငန်းစဉ်မှာ အကန့်အသတ်သာ ရှိသလို ၎င်းတို့အား ရှင်းလင်းရေး လုပ်ငန်းစဉ်မှာလည်း လုံးဝ မရှိသေးသောကြောင့် မြေမြှုပ်မိုင်းနှင့် စစ်ပစ္စည်းများ နေရာ အနှံ့ ပြန့်ကျက်နေခြင်းသည် အလွန်အမင်း စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။ များစွာသော လက်နက်ကိုင် အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းကို ဆက်လက် အသုံးပြုနေကြောင်း အစီရင်ခံ တင်ပြကြပြီး တရစပ် ဖြစ်ပွားနေသော အကြမ်းဖက်မှုနှင့် ထိန်းချုပ်သည့် နယ်မြေ အပြောင်းအလဲများကြောင့် မြေမြှုပ်မိုင်း အန္တရာယ် ပို၍ များပြားလာခဲ့သလို မြေမြှုပ်မိုင်း ရှာဖွေ ဖော်ထုတ်ရေးနှင့် မြေမြှုပ်မိုင်း ရှင်းလင်းရေး လုပ်ငန်းစဉ်များ အတွက် အရင်းအမြစ်များ လျော့နည်းခဲ့သည်။ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်နက် ပစ္စည်းများ အန္တရာယ် အကြောင်း အသိပညာပေး ပို့ချမှုများ မရှိပါက အရပ်သားများ ထိခိုက်သေကြေမှုမှာ ဆက်လက် ဆိုးရွားလာနေဦးမည် ဖြစ်သည်။

## ၈။ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း

၄၃။ လူထု အခြေပြု မှတ်တမ်းတင်ခြင်းသည် ကြိုတင်သတိပေးရေး၊ အကာအကွယ် ပေးရေး၊ အန္တရာယ် ဆန်းစစ်လေ့လာချက်နှင့် အရေးဆို တိုက်တွန်းချက်တို့၏ အဓိက မဏ္ဍိုင် ဖြစ်လာခဲ့သည်။ အချက်အလက် ကောက်ယူခြင်းနှင့် စိစစ် အတည်ပြုခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များသည် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ပံ့ပိုးမှုနှင့် OHCHR ၏ နည်းပညာပိုင်း ဆိုင်ရာ အကူအညီဖြင့် နိုင်ငံ တစ်ဝှမ်း ကျက်ပြန့်လာခဲ့ပြီး လူငယ် ကွန်ရက်များသည် ဦးဆောင် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ၎င်းသည် ထပ်တလဲလဲ ဖြစ်ပေါ်နေသော ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်မှုများကို ဖော်ထုတ်နိုင်ရန်၊ လေကြောင်း တိုက်ခိုက်မှု သို့မဟုတ် ဝင်ရောက် စီးနင်းမှုများကို ကြိုတင် ခန့်မှန်းနိုင်ရန်နှင့် မကြာမီ ကျရောက်လာနိုင်သည့် တိုက်ခိုက်မှု အန္တရာယ် အတွက် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ

ကူညီ ဆောင်ရွက်သူများကို သတိပေးနိုင်ရန် အထောက်အကူ ဖြစ်စေခဲ့သည်။ ဒေသ အုပ်ချုပ်သူများ ဖြစ်သည့် လူ့အခွင့်အရေး တာဝန်ရှိသူ အများအပြားသည် မှတ်တမ်း တင်ခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်ကို တရားဝင် ဖြစ်ရန် စနစ်တကျ ကြိုးပမ်းအားထုတ်ခဲ့သည်။ အချို့သည် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ လားရာများ၊ အန္တရာယ်များနှင့် ထိခိုက်မှု လျော့ပါးစေရေး အစီအမံများကို အကဲဖြတ်ရန် အတွက် နိုင်ငံ တစ်ဝှမ်းရှိ ဒေသ အများအပြားတွင် ဒေတာ ကောက်ယူမည့် အဖွဲ့များကို ဖွဲ့စည်း၊ တာဝန် ပေးထားပြီး အချို့ကမူ အမျိုးသမီးနှင့် လူငယ် ကွန်ရက်များ အပါအဝင် ကျေးရွာ အဆင့် ကွန်ရက်များနှင့် ချိတ်ဆက်ရန် သီးခြား ကော်မတီများကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံ့ အာဏာကို ဆက်လက် ချုပ်ကိုင်နိုင်ရန် ရည်ရွယ်သည့် စစ်တပ်၏ ဝါဒဖြန့်မှုများကို တန်ပြန်ရန်နှင့် လူ့အခွင့်အရေး အကျပ်အတည်းတွင် ပြောင်းလဲနေသော အခြေအနေကို အပြည်ပြည် ဆိုင်ရာ အသိုင်းအဝိုင်းထံသို့ သတင်းပို့ရန် အတွက် ရည်ရွယ်၍ သက်သေ အထောက်အထား အခြေပြု မှတ်တမ်း တင်ခြင်းသည် အထောက်အကူ ပြုခဲ့သည်။ သို့ရာတွင် ရန်ပုံငွေ လျော့ကျသွားခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်း တင်နေသော ဒေသခံ အဖွဲ့အစည်းများ၏ လုပ်ငန်း လည်ပတ်မှု စွမ်းဆောင်ရည်ကို သိသိသာသာ ထိခိုက်စေခဲ့ပြီး ဤအရေးကြီးသော လုပ်ငန်း တာဝန် အခန်းကဏ္ဍကို ကန့်သတ်လိုက် သကဲ့သို့ ဖြစ်စေခဲ့သည်။

## ၉။ တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ ယန္တရားများ

၄၄။ ယခင် အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် ကရင်နီနှင့် ချင်းလူမျိုးများ၏ နမူနာများကို အခြေခံ၍ စစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ ဒေသများတွင် အရပ်သားများ ဦးဆောင်သော အကာအကွယ် ပေးရေး အစီအမံများနှင့် အတူ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ တရားမျှတမှုနှင့် တာဝန်ခံမှု ဆိုင်ရာ ယန္တရားများ ပေါ်ပေါက်လာခဲ့သည်။[37] အဆိုပါ ယန္တရားများသည် ထိန်းချုပ်ရာ ဒေသ တည်ငြိမ်စေရန် အချို့ ကိစ္စရပ်တွင် အထောက်အကူ ပြုခဲ့ပြီး တရားဥပဒေ စိုးမိုးမှု အသွင် သဏ္ဌာန် တစ်စုံတစ်ရာကို ပေးစွမ်းနိုင်ခဲ့ကာ ဒေသတွင်း ပဋိပက္ခများ သို့မဟုတ် အငြင်းပွားမှုများ၏ သက်ရောက်မှု အချို့ကို လျော့ပါး သက်သာစေခဲ့သည်။ အမျိုးသား ညီညွတ်ရေး အစိုးရသည် စစ်ကိုင်း၊ မကွေးနှင့် တနင်္သာရီ တိုင်းတို့တွင် ဒေသ လုံခြုံရေး၊ ရဲလုပ်ငန်း၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် အငြင်းပွားမှု ကိစ္စရပ်များ အတွက် “ပသုံးလုံး” အဖွဲ့ကို တည်ထောင်ခဲ့သည်။[38] ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ အချို့ နေရာတွင် ဓလေ့ ထုံးတမ်းဖြင့် စီရင်သော ကျေးရွာ ခုံရုံးနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ ဖွဲ့စည်းထားသော အုပ်ချုပ်ရေး အဖွဲ့များသည် မြေယာ၊ အိမ်တွင်း အကြမ်းဖက်မှုနှင့် ကြီးလေးသော ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် အငြင်းပွားမှုများကို ဖြေရှင်းခဲ့ကြသည်။ သို့ရာတွင် ထိုတရားရေး အဖွဲ့များသည် ကြီးလေးသော ရာဇဝတ်မှုများအား ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အညီ အပြည့်အဝ အကာအကွယ် ပေးခြင်းနှင့် တရားမျှတသော တရားစီရင်ရေး ဆိုင်ရာ အာမခံချက်များဖြင့် စီရင် ဆုံးဖြတ်နိုင်ခြင်း မရှိပေ။ ကရင်ပြည်နယ်ရှိ ကရင် အမျိုးသား အစည်းအရုံး (KNU) ၏ အုပ်ချုပ်မှုအောက်တွင် ရှိသော ဒေသန္တရ တရားစီရင်ရေး အဖွဲ့အစည်းများသည် လည်ပတ်နေသော တရားရေး ယန္တရားများ အတွင်း တရားစီရင်ရေး ကဏ္ဍ အကြီးတန်း ရာထူး တာဝန်များ အတွက် အမျိုးသမီးများကို ခန့်အပ်ကြောင်း သတင်းရရှိသည်။ တအောင်း အုပ်ချုပ်ရေး အဖွဲ့သည် ဥပဒေ အကယ်ဒမီကျောင်း ထူထောင်ရန်နှင့် ဥပဒေ ပညာရေး အားကောင်းစေရန် ဆက်လက် ကြိုးပမ်းအားထုတ်လျှက် ရှိသည်။ မကြာသေးမီက ဖွဲ့စည်းထားသော ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များ၏ ထိန်းချုပ်မှု အောက်ရှိ အခြား ဒေသများတွင်

[37] ဥပမာအားဖြင့် A/HRC/59/57 အစီရင်ခံစာတွင် ကြည့်ရှုပါ။

[38] ပသုံးလုံးတွင် ဒေသတွင်း ကာကွယ်ရေးအတွက် တာဝန်ရှိသော ပကဖ (ပြည်သူ့ ကာကွယ်ရေး အဖွဲ့)၊ ဒေသတွင်း အုပ်ချုပ်ရေးအတွက် တာဝန်ရှိသော ပအဖ (ပြည်သူ့အု ပ်ချုပ်ရေး အဖွဲ့) နှင့် ဒေသတွင်း လုံခြုံရေးအတွက် တာဝန်ရှိသော ပလဖ (ပြည်သူ့လုံခြုံရေးအဖွဲ့) တို့ ပါဝင်ကြသည်။

တရားရေး လုပ်ငန်းစဉ်များသည် လူမှု အသိုက်အဝန်း၏ ညှိနှိုင်းဖြန်ဖြေပေးမှုနှင့် မြို့နယ် အဆင့် အုပ်ချုပ်ရေး အဖွဲ့၏ ဆုံးဖြတ်ချက် အပေါ်တွင်သာ မကြာခဏ မူတည်ကြောင်း သိရသည်။

၄၅။ အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ ထပ်နေမှု၊ အဖွဲ့အစည်း စွမ်းဆောင်ရည် အကန့်အသတ် ရှိမှု၊ အကျင့်ပျက် ခြစားမှု ဖြစ်ရပ်များနှင့် ယင်းအခြေအနေအောက်တွင် ဆက်လက် ဖြစ်ပေါ်နေသည့် ပဋိပက္ခများနှင့် ဆက်စပ်သော အဟန့်အတားများ ရှိနေသော်ငြားလည်း တရားမမှု ဆိုင်ရာ ဥပဒေ အငြင်းပွားမှု အသေးစား အမှုတွဲများအား အတိုက်အခံ အဖွဲ့၏ တရားရေး စနစ်၏ ကိုင်တွယ်ပုံနှင့် ဆက်စပ်၍ ကျေနပ်ဖွယ်ရာ ရလဒ်ကောင်းများ ရှိခဲ့ကြောင်း တိုင်ပင်ဆွေးနွေးသူများက အစီရင်ခံ တင်ပြခဲ့သည်။ ၎င်းတို့သည် စုံစမ်းစစ်ဆေးမှုများ နှောင့်နှေးခြင်း၊ ကြီးလေးသော ရာဇဝတ်မှုများတွင် ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ အခွင့်အာဏာ အလွဲသုံးစားလုပ်ခြင်းနှင့် တိုင်ကြားသူများ အပေါ် လက်တုံ့ပြန်နိုင်ခြေ ရှိသည့် အန္တရာယ်များ အပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ ပုံမှန်တာဝန် ထမ်းဆောင်နေသည့် တရားစီရင်ရေး စနစ် မရှိသည့် အချိန်တွင် ဒေသန္တရ ယန္တရားများသည် လူမှု အသိုက်အဝန်း စည်းလုံးညီညွတ်ရေးကို အထောက်အပံ့ ဖြစ်စေမည့် တရားရေး ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို ဖြည့်ဆည်းပေးနေသော တစ်ခုတည်းသော အဖွဲ့အစည်းများ အဖြစ် ဆက်လက် တည်ရှိနေပြီး ၎င်းယန္တရားတို့ကို အကျပ်အတည်း ကာလ မပြီးဆုံးမီနှင့် တရားဝင် နိုင်ငံတော် တရားစီရင်ရေး အဖွဲ့အစည်းများ ပြန်လည် မထွန်းကားလာမီ အချိန်ကာလ အထိ နိုင်ငံရေးနှင့် ဘဏ္ဍာရေး အရ သင့်လျော်သလို ပံ့ပိုးကူညီသင့်ပါသည်။

၄၆။ နိုင်ငံတကာ အဆင့်တွင် တာဝန်ခံမှုရှိရေးဆိုင်ရာ တိုးတက်မှုများ ရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) သည် လူမျိုးတုံး သတ်ဖြတ်မှု ရာဇဝတ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို ချိုးဖောက်သည် ဟူသော စွပ်စွဲချက်ဖြင့် မြန်မာ နိုင်ငံအပေါ် ဂမ်ဘီယာ နိုင်ငံက တရားစွဲဆိုထားသည့် နိုင်ငံတကာ အမှုနှင့် စပ်လျဉ်း၍ အမှု၏ အဓိက အချက်အလက်များနှင့် ဆက်စပ်သော နှုတ်ဖြင့် လျှောက်လဲချက် ပေးခြင်း ကဏ္ဍကို အဆုံးသတ် ကြားနာခဲ့ပြီး ယခုအခါ တရားရုံးသည် စီရင်ချက် ချမှတ်ရန် ဆွေးနွေး တိုင်ပင်လျက် ရှိသည်။[39]

၄၇။ ၂၀၁၇ ခုနှစ်၌ ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သော လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် နိုင်ငံတကာ ရာဇဝတ် ခုံရုံး (ICC) တွင် တရားစွဲ ရှေ့နေ၏ လျှောက်ထားချက်မှာ ဆိုင်းငံ့နေဆဲ ဖြစ်ကြောင်း အများ ပြည်သူ လေ့လာနိုင်သော သတင်း မှတ်တမ်းများ အရ သိရသည်။[40] ပြစ်မှုကျူးလွန်သော အခြား လူပုဂ္ဂိုလ်များ တာဝန်ခံမှု ရှိစေရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ရာတွင် ပြစ်ဒဏ် ကင်းလွတ်ခွင့် ရနေမှုများ အဆုံးသတ်စေရေး အတွက် ပို၍ ခိုင်မာ အားကောင်းသော ကြိုးပမ်းအားထုတ်မှုများ လိုအပ်နေပါသည်။

## ၁၀။ ပူးပေါင်းဆောင်ရွက်မှုများ

၄၈။ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများ၊ ရပ်ရွာ လူထု ခေါင်းဆောင်များနှင့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ အကြား ပူးပေါင်း ဆောင်ရွက်မှုသည် ပဋိပက္ခ ဖြစ်ပွားရာ ဒေသများတွင် အရပ်သားများအား အကာအကွယ် ပေးရေး အစီအမံများနှင့် ဒေသန္တရ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အလွန် အရေးပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ရပ်ရွာ လူထု အခြေပြု အဖွဲ့အစည်းများသည် မြေပြင်တွင်

[39] https://www.icj-cij.org/case/178 တွင် ကြည့်ရှုပါ။

[40] https://www.icc-cpi.int/news/statement-icc-prosecutor-karim-aa-khan-kc-application-arrest-warrant-situation-bangladesh တွင် ကြည့်ရှုပါ။

အရေးပါသော လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ခဲ့ကြပြီး ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများက အရပ်သားများကို အကာအကွယ် ပေးရေးနှင့် တိုက်ခိုက်မှုများ အပြီး ပထမဆုံး တုံ့ပြန်ကူညီရေး အတွက် မရှိမဖြစ် လိုအပ်သော ထောက်ပံ့ပို့ဆောင်ရေး၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးတို့ဖြင့် ပံ့ပိုးကူညီခဲ့သည်။

၄၉။ ကရင်နီ ပြည်နယ် အတိုင်ပင်ခံ ကောင်စီ (KSCC) သည် လုပ်ငန်းစဉ်များကို စနစ်တကျ ဖြစ်စေရန် ၂၀၂၅ ခုနှစ် မေလတွင် ကြိုတင်ပြင်ဆင်ထားသော လူ့အခွင့်အရေး အခြေပြု လူသားချင်း စာနာမှု စနစ် တစ်ရပ်ကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ KSCC သည် ထိခိုက်လွယ်သော အုပ်စုများကို ပစ်မှတ်ထား ကူညီရေး၊ ရပ်ရွာ လူထု ဦးဆောင်သော စီမံကိန်း ရေးဆွဲရေး၊ ဂျန်ဒါကျားမ ရေးရာအရ တုံ့ပြန်ဆောင်ရွက်နိုင်ပြီး အလုံးစုံ ပါဝင်နိုင်သော ချဉ်းကပ် ကူညီမှုများနှင့် ဝန်ဆောင်မှု ပေးသည့် အရပ်ဘက် အဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ စီမံ အုပ်ချုပ်ရေး အစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဖော်ဆောင်ရန် ပြဋ္ဌာန်းထားပါသည်။[41] အလွယ်တကူ လက်လှမ်းမီပြီး ထိရောက်သော ကြိုတင် သတိပေးရေး လုပ်ငန်းစဉ်အား ပံ့ပိုးနိုင်ရန် ရည်ရွယ် ရေးဆွဲထားသည့် စနစ်တစ်ခု ဖန်တီးနိုင်ရေး အတွက် စီမံအုပ်ချုပ်ရေး အဆင့်တိုင်းရှိ ကြိုတင် သတိပေးရေး လုပ်ငန်းစဉ်များတွင် လူထု အခြေပြု ပါဝင်ဆောင်ရွက်မှု ရှိရေး အတွက် KSCC က ပံ့ပိုးပေးပါသည်။ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုကို ၄၈ နာရီ အတွင်း လုပ်ဆောင်နိုင်ရန် လိုအပ်ချက် တစ်ရပ်ကို KSCC က ထည့်သွင်း မိတ်ဆက်ထားပြီး အုပ်ချုပ်ရေး အဆင့်ဆင့်တွင် ကြိုတင် ဖွဲ့စည်းထားသော အရေးပေါ် တုံ့ပြန်ရေး ကော်မတီများကို မှီခို ဆောင်ရွက်နေပါသည်။ သင့်လျော်သော အရည်အသွေး အခြေပြု ဆန်းစစ်လေ့လာချက်များ ပြုလုပ်ရန် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်သော်လည်း လူ့အခွင့်အရေး အခြေခံသော အကာအကွယ် ပေးရေး မူဝါဒ ပုံစံသည် အခြား အုပ်ချုပ်ရေး အဖွဲ့အစည်းများ အနေဖြင့် အလားတူ ချဉ်းကပ်မှုများကို ဖော်ဆောင်ရာတွင် အတုယူဖွယ်ကောင်းသော အလေ့အကျင့်တစ်ခုကို ထင်ဟပ် ပြသနေပါသည်။

၅၀။ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၊ ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် ရပ်ရွာ လူထု ခေါင်းဆောင်များ အကြား လက်နက်ကိုင် အဖွဲ့ဝင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဆက်စပ်သည့် အရေးကိစ္စများ အပါအဝင် အကာအကွယ် ပေးရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကို တင်ပြခြင်းနှင့် ဖြေရှင်းခြင်းတို့တွင် ပူးပေါင်း ဆောင်ရွက်ခဲ့သည့် ဥပမာများကို တိုင်ပင်ဆွေးနွေးသူများက တင်ပြခဲ့သည်။ ကချင်ပြည်နယ်တွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အကာအကွယ် ပေးရေး ဆိုင်ရာ ဦးစားပေး လုပ်ငန်းများနှင့် သီးခြား လူမှု အသိုက်အဝန်းများ၏ စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်း၍ ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများမှ တစ်ဆင့် နည်းပညာပိုင်း ဆိုင်ရာ အကြံဉာဏ်များကို ပေးပို့ခဲ့ကြသည်။ သို့ရာတွင် အုပ်ချုပ်ရေး အဖွဲ့များ အတွင်း တိုင်းရင်းသားနှင့် ဂျန်ဒါ ကျားမ ရေးရာ ကိုယ်စားပြုမှု ပိုမို ပါဝင်ရန် နှင့် ကွဲပြားစုံလင်မှုအား ပိုမို လက်ခံရန် ကာလ ကြာရှည် တောင်းဆိုမှုများ ရှိခဲ့သော်လည်း လစ်လျူ ရှုခံထားရဆဲ ဖြစ်သည်။ ကရင် ပြည်နယ်တွင် ရပ်ရွာ လူထုကို နစ်နာစေသည့် ငွေကြေး အဓမ္မ တောင်းခံခြင်းနှင့် တရားဝင် မဟုတ်သော အခွန် ကောက်ခံခြင်း စသည့် သီးခြား အကာအကွယ် ပေးရေး ဆိုင်ရာ စိုးရိမ်ပူပန်များနှင့် ဆက်စပ်၍ အရပ်ဘက် လူမှု အဖွဲ့အစည်းများက လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုက်ရိုက် ထိတွေ့ဆွေးနွေးမှုများ ရှိကြောင်း သတင်း ရရှိသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများသည် အပြန်အလှန် ဆွေးနွေးပွဲများနှင့် သင်တန်းများမှ တစ်ဆင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် အရပ်သားများအား အကာအကွယ် ပေးရေး စံချိန် စံနှုန်းများကို လက်နက်ကိုင် အဖွဲ့အစည်းများ အကြား အမြင့်ဖွင့် ပညာပေးခဲ့သဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးကာကွယ်ရာတွင် အပြုသဘောဆောင်စွာ အထောက်အကူ ပြုခဲ့သည်။

[41] https://ieckarenni.org/karenni-state-interim-humanitarian-policy/ တွင် ကြည့်ရှုပါ။

ရှမ်းပြည်နယ်တွင် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှု မြင့်တင်ရန်နှင့် နစ်နာမှုများကို ဖြေရှင်းပေးရန် သီးသန့်တာဝန် ပေးထားသည့် အဖွဲ့များကို ရွာသူရွာသားများနှင့် လက်တွဲ လုပ်ဆောင်နိုင်ရန် အတွက် အမျိုးသမီး ရေးရာ ဌာနများ အတွင်း ဖွဲ့စည်း တည်ထောင်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။ ချင်းပြည်နယ်တွင် ထိခိုက်ဒဏ်ရာ ရရှိထားသော အရပ်သား ပြည်သူများကို ဘေးကင်း လုံခြုံသော ဆေးခန်းများသို့ လွှဲပြောင်းပေးနိုင်ရန် အတွက် ကျန်းမာရေး အရေးပေါ် အခြေအနေ၌ နယ်မြေ ဖြတ်ကျော် သွားလာခွင့် ပြုသည့် စနစ်တစ်ခု အပါအဝင် အရပ်သားများအား အကာအကွယ် ပေးရေးကို လွယ်ကူ ချောမွေ့စေမည့် လက်တွေ့ကျသော ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားများ ရှိကြောင်းကို တွေ့ဆုံဆွေးနွေးသူများက ရှင်းလင်း ပြောကြားခဲ့သည်။

## ခ။ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များ

၅၁။ ကွဲပြား စုံလင်သော အဖွဲ့အစည်းများ၏ အားလုံးပါဝင်ပြီး စနစ်ကျသော ပူးပေါင်းပါဝင်မှုဖြင့် ဖန်တီးထားသော ဤအကာအကွယ် ပေးရေး ယန္တရားများနှင့် အစပျိုး ဆောင်ရွက်ချက်များ အရ လက်နက်ကိုင် အဖွဲ့အစည်း အချို့သည် ၎င်းတို့၏ နိုင်ငံတကာ ဥပဒေ အပေါ် စောင့်ထိန်းရမည့် ဝတ္တရားများကို အလေးအနက် ထားကြောင်းနှင့် အရပ်သားများအား အကာအကွယ် ပေးရေးကို အားပေး မြှင့်တင်ရန် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း ပြသနေပါသည်။ သို့ရာတွင် နိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည် ဆိုပါက ဤယန္တရားများသည် အလွန်အမင်း တင်းကျပ်ထားသည့် လုပ်ငန်းလည်ပတ်မှု အခြေအနေများနှင့် အကန့်အသတ် ရှိသော အရင်းအမြစ်များကြောင့် ညီညွတ်မျှတမှု မရှိဘဲ ထိခိုက်လွယ်သော အခြေအနေတွင် ရှိနေဆဲ ဖြစ်သည်။ စောင့်ကြည့် ထောက်လှမ်းမှု၊ သွားလာခွင့် ကန့်သတ်မှုနှင့် လက်တုံ့ပြန်ခံရနိုင်သည့် အန္တရာယ်များနှင့် ဆက်စပ်နေသော စိုးရိမ် ပူပန်မှုများသည် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရေးကို အဟန့်အတား ဖြစ်ခဲ့ပြီး သတင်း အချက်အလက် စီးဆင်းမှု ပြတ်တောက်မှုကြောင့်လည်း ကြိုတင် သတိပေး နိုင်စွမ်းကို ပို၍ အားနည်းစေခဲ့သည်။ ဤအခြေအနေသည် အပြည့်အဝ လွှမ်းခြုံမှု ရှိသော အကာအကွယ် ပေးရေးထက် ရေတို ကာလ အတွင်း ထိခိုက်မှု လျော့ပါးစေရေး မဟာဗျူဟာကိုသာ ကျင့်သုံးခဲ့သည်။

၅၂။ မြန်မာ စစ်တပ်သည် အရပ်သားများ၏ လုံခြုံရေး ဆိုင်ရာ ခြိမ်းခြောက်ခံရမှုများကို ပိုမို ဆိုးရွားစေရန်နှင့် အကာအကွယ် ပေးရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန် ဆောင်ရွက်ချက်များကို ကန့်သတ်ရန် အတွက် အဓိက တာဝန်ရှိသော အဖွဲ့အစည်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပြီး စစ်တပ်က အင်တာနက်နှင့် ဖုန်းဆက်သွယ်ရေး လိုင်းများကို ကာလကြာရှည် ဖြတ်တောက်ထားမှုကြောင့် အရပ်သားများ၏ လုံခြုံရေး အခြေအနေကို စောင့်ကြည့်လေ့လာမှုနှင့် ကြိုတင် သတိပေး စနစ်များကို သိသိသာသာ အားနည်းသွားစေခဲ့သည်။ အရပ်သားများသည် အင်တာနက်လိုင်း ရရှိရန် အတွက် နာရီပေါင်းများစွာ ခရီးသွားခဲ့ရပြီး စစ်ဆေးရေး ဂိတ်များတွင် ဖုန်းများကို စစ်ဆေးမှုများကြောင့် ဖမ်းဆီးခံရခြင်း၊ ငွေကြေး အဓမ္မ တောင်းခံခြင်းနှင့် အဓမ္မ စစ်သား စုဆောင်းခံရခြင်းများ မကြာခဏ ဖြစ်ပေါ်စေခဲ့သည်။ စစ်တပ်သည် ဒရုန်းများ၊ ပါရာမော်တာများနှင့် ဂျိုင်ရို ကော့ပတာများကို ပိုမို အသုံးပြုလာခြင်းနှင့် ရှင်းလင်းစွာ ကြားသိနိုင်သော ကြိုတင် သတိပေး စနစ်များ မရှိခြင်းတို့ကို ပေါင်းစပ်လိုက်သော အခါ ယင်းလုပ်ရပ်များသည် လူထု အခြေပြု ကြိုတင် သတိပေး ယန္တရားများ၏ ထိရောက်မှုကို လျော့ကျစေခဲ့ပြီး အဆုံးတွင် အရပ်သား သေကြေမှု အရေအတွက်ကို မြင့်တက်စေခဲ့သည်။

၅၃။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ သို့မဟုတ် စစ်တပ် ဆန့်ကျင်ရေး အဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် အာဏာပိုင် ယန္တရားများ ပြန့်ကျဲကွဲပြားနေမှုနှင့် အုပ်ချုပ်ရေး ဆိုင်ရာ အားနည်းချက်များ ရှိခြင်းကြောင့် ဒေသခံများအား အကာအကွယ် ပေးနိုင်စွမ်း အပေါ်

ထိခိုက်မှု ရှိကြောင်း တွေ့ရှိရသည်။ ယင်းအချက်တွင် စစ်ဘက်ဆိုင်ရာ မဟုတ်သော အုပ်ချုပ်ရေး အဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများ ပိုမို တင်းကျပ်လာခြင်းအပြင် အခြေအနေ အချို့တွင် ဘဏ္ဍာရေး အချက်အလက်များ သို့မဟုတ် စီမံကိန်း ဘက်ဂျက်များအား ချပြရန် တောင်းဆိုမှုများ ပါဝင်သည်။ အချို့ဒေသများတွင် ဝန်ဆောင်မှု ပေးခြင်းများ အကန့်အသတ် ရှိခြင်းနှင့် အုပ်ချုပ်ရေး ယန္တရားများ အပေါ် ယုံကြည်မှု ကျဆင်းလာခြင်းတို့ကို ရပ်ရွာ လူထု အသိုက်အဝန်းများက အစီရင်ခံ တင်ပြခဲ့ကြပြီး တရားမျှတမှု ဖော်ဆောင်ရေး ယန္တရားမှာလည်း တပြေးညီ မရှိဘဲ ကွဲပြားနေသဖြင့် ကျူးလွန်ခံရသူများနှင့် အသက်ရှင် ကျန်ရစ်သူများ အတွက် တရားမျှတမှု လက်လှမ်းမီနိုင်ခွင့်ကို တဖြည်းဖြည်း ပျက်ပြားစေလျက် ရှိသည်။ အခွန်ကောက်ခံမှု အလေ့အထများနှင့် ပတ်သက်သည့် တင်ပြချက်များမှာ ဒေသတစ်ခုနှင့် တစ်ခု ကွဲပြားနေပြီး ယင်းလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု မရှိသည့် အပြင် စောင့်ကြည့်လေ့လာရေး ယန္တရားများနှင့် နစ်နာချက်များကို ဖြေရှင်းပေးနိုင်မည့် အခွင့်အလမ်းများ အားနည်းနေကြောင်း မကြာခဏ ထောက်ပြခဲ့ကြသည်။ အရပ်သားများအား အကာအကွယ် ပေးမှု အားကောင်းစေရန်၊ သတင်း အချက်အလက် စီးဆင်းမှု လမ်းကြောင်းများ လုံခြုံ စိတ်ချရစေရန်နှင့် အုပ်ချုပ်ရေးနှင့် တာဝန်ခံမှု ဆိုင်ရာ ယန္တရားများတွင် မျှတမှု ရှိစေရန် အတွက် အသိပညာ၊ နည်းပညာပိုင်း ဆိုင်ရာ အကြံဉာဏ်များနှင့် အရင်းအမြစ်များ စဉ်ဆက်မပြတ် ပံ့ပိုး ကူညီပေးရန် လိုအပ်မည် ဖြစ်သည်။

၅၄။ အရပ်သားများအား အကာအကွယ် ပေးရေး လုပ်ငန်းစဉ်များကို ခိုင်မာအားကောင်းစေရန် အတွက် ကြိုတင်ခန့်မှန်းနိုင်သော ရန်ပုံငွေ ရရှိမှုမှာ အလွန် အရေးကြီးပါသည်။ အပြည်ပြည် ဆိုင်ရာ အထောက်အပံ့များ လျော့ကျလာခြင်းနှင့် ဆိုင်းငံ့ခံရခြင်းတို့ကြောင့် ဒေသခံများ ဦးဆောင်သည့် အကာအကွယ် ပေးရေး လုပ်ငန်းစဉ်များ ရေရှည်လည်ပတ်နိုင်ရန် အန္တရာယ် ရှိနေပြီး အမျိုးသမီး ဦးဆောင်သည့် အဖွဲ့အစည်းများမှာ ပိုမို ထိခိုက်ခံစားကြရသည်။ ယင်းအခြေအနေများကြောင့် တိုင်ရင်းသား မီဒီယာများနှင့် အမျိုးသမီး အဖွဲ့အစည်းများမှာ ရုံးပိတ်သိမ်းရခြင်း၊ ဝန်ထမ်း အင်အား လျှော့ချရခြင်းနှင့် လုပ်ငန်းအစီအစဉ်များကို ရပ်ဆိုင်းရခြင်းတို့ အထိ ကြုံတွေ့ခဲ့ရသည်။ လူသားချင်း စာနာထောက်ထားမှုနှင့် လူထု အခြေပြု အစီအစဉ်များ ဖြစ်သည့် နေရပ် စွန့်ခွာရသူများ အတွက် အကူအညီ ပေးရေး၊ ပညာရေး ဆိုင်ရာ အစပျိုး လုပ်ဆောင်မှုများနှင့် စိတ်ပိုင်း/ လူမှုရေးပိုင်း ဆိုင်ရာ ပံ့ပိုးကူညီမှုများ လျှော့ချခံရခြင်း သို့မဟုတ် ရပ်ဆိုင်းသွားခြင်းတို့ကြောင့် ဒေသခံ ပြည်သူများ၏ ထိခိုက်အားနည်းနိုင်ခြေကို ပိုမို ဆိုးရွားစေခဲ့သည်။ ရန်ပုံငွေ လျှော့ချမှုကြောင့် စောင့်ကြည့်ရေး စင်တာများကို ပိတ်သိမ်းခဲ့ရပြီး အဆင့်မြင့် စက်ကိရိယာများ သုံးစွဲနိုင်မှု အပေါ် ကန့်သတ်ချက်များ ရှိလာရာ ယင်ခင်က စစ်တပ်၏ လေကြောင်း လှုပ်ရှားမှုများကို စောင့်ကြည့်၍ သတိပေးချက်များ ထုတ်ပြန်ပေးခဲ့သော ကြိုတင် သတိပေး ကွန်ရက်များမှာ အားနည်းသွားခဲ့ရသည်။ ဒေသခံများ ကိုယ်ထူကိုယ်ထ စိုက်ထုတ်လုပ်ဆောင်နေသည့် အစီအမံများ ဆက်လက် ရှိနေသေးသော်လည်း လုပ်ငန်း လွှမ်းခြုံနိုင်မှု အားနည်းသွားခြင်းကြောင့် အရပ်သားများ အနေဖြင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ခြေ ပိုမို မြင့်မားလာသည်။ အဖွဲ့အစည်းများ၏ အစီရင်ခံချက် အရ ဆေးဝါး ထောက်ပံ့မှု လမ်းကြောင်းများ ထိန်းသိမ်းရန်နှင့် ကျန်းမာရေး အဆောက်အအုံများ ဆက်လက် လည်ပတ်ရန် အခက်အခဲများ ကြုံတွေ့နေရသဖြင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်စွမ်းမှာလည်း တဖြည်းဖြည်း ယိုယွင်းကျဆင်းလာခဲ့သည်။ လိင်ပိုင်း ဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုမှ အသက်ရှင် ကျန်ရစ်သူများ အတွက် ဘေးကင်းလုံခြုံသော နားခိုရာ အိမ်များ (safe houses) ပိတ်သိမ်းခဲ့ရခြင်း သို့မဟုတ် လုပ်ငန်း လည်ပတ်မှု ပမာဏ လျှော့ချရမှုများ ရှိနေပြီး ဘောဒါဆောင် စရိတ်များ၊ ပညာရေးနှင့် အမျိုးသမီးရေးရာ စီမံကိန်းများကိုလည်း လျှော့ချခဲ့ရကာ စီမံကိန်း အချို့မှာ အကန့်အသတ်သာ ရှိသော အရေးပေါ် အရင်းအမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြင့်သာ ဆက်လက် ထိန်းသိမ်းထားနိုင်တော့သည်။ နေရပ်စွန့်ခွာလာရသော ကလေးသူငယ်များ အတွက် ပညာရေး အစီအစဉ်များနှင့် စိတ်ပိုင်း/လူမှုရေးပိုင်း ဆိုင်ရာ ကူညီမှု လုပ်ငန်းများကိုလည်း လျှော့ချခဲ့ရသည်။

၅၅။ ထို့အပြင် စီမံကိန်း အခြေပြု၊ ရေတိုနှင့် အသေးစား ရန်ပုံငွေ ထောက်ပံ့မှု ပုံစံများသည် အရပ်သားများ ဦးဆောင်သည့် အကာအကွယ် ပေးရေး ယန္တရားများကို တခါတရံ အားနည်းစေခဲ့ပြီး အရပ်သား ပြည်သူများ မှီခိုအားထားနေရသည့် သတင်း အချက်အလက် မျှဝေခြင်းနှင့် ပူးပေါင်း ညှိနှိုင်းမှု အပေါ် ယုံကြည်မှုကိုလည်း ထိခိုက်ပျက်ပြားစေခဲ့သည်။ ငလျင်ဘေး ကြုံခဲ့ရပြီးနောက် ကာလတို လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးရေး အတွက် ရန်ပုံငွေများကို ဦးစားပေး ခွဲဝေလိုက်ခြင်းကြောင့် လူထု အခြေပြု ပါဝင်ဆောင်ရွက်မှုနှင့် ဒီမိုကရေစီ နည်းကျ အုပ်ချုပ်ရေး ဆိုင်ရာ ပံ့ပိုးမှုကို ထိခိုက်စေခဲ့ပြီး အရက်ဘက် လူမှု အဖွဲ့အစည်းများ အနေဖြင့် အရပ်သားများအား အကာအကွယ် ပေးရေး လုပ်ငန်းတွင် ထိရောက်စွာ အာရုံစိုက် လုပ်ဆောင်မည့် အခွင့်အလမ်းများကို ပိုမို ကျဉ်းမြောင်းသွားစေခဲ့သည်။

# ၅။ နိဂုံးနှင့် အကြံပြုချက်များ

၅၆။ မြန်မာ စစ်တပ်၏ ကျယ်ပြန့်ပြီး စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများ ငါးနှစ်ကျော် ဖြစ်ပွားပြီးနောက် မြန်မာ နိုင်ငံ၏ လူ့အခွင့်အရေး အကျပ်အတည်းသည် အရပ်သား ပြည်သူများ အပေါ် သေဆုံးမှု၊ ပျက်စီးမှု၊ အတိဒုက္ခရောက်မှု၊ အကြောက်တရားနှင့် မျှော်လင့်ချက် ကင်းမဲ့မှုတို့ကို ဆက်လက် ရင်ဆိုင်ကြုံတွေ့လျက် ရှိသည်။ စစ်တပ်သည် အထူးသဖြင့် လေကြောင်း အင်အား အသုံးပြု၍ တိုက်ခိုက်မှုများကို အရှိန်မြှင့်ခဲ့သဖြင့် အရပ်သား သေဆုံးဒဏ်ရာရမှုနှင့် အရပ်ဘက် ဆိုင်ရာ အဆောက်အအုံများ အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့သည်။ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း မော်တာ စိန်ပြောင်း၊ ဒရုန်းနှင့် ပေါက်ကွဲစေသော လက်လုပ် ဗုံးများကို အသုံးပြု၍ တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲ ကာလ အတွင်း ရွေးကောက်ပွဲ ဆိုင်ရာ ဝန်ထမ်းများကို တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သော်လည်း ယင်းတိုက်ခိုက်မှုများ၏ အတိုင်းအတာနှင့် ပြင်းထန်မှုမှာ မြန်မာ စစ်တပ်၏ အကြမ်းဖက်မှု ပမာဏနှင့် နှိုင်းယှဉ်လျှင် အဆမတန် နည်းပါးလှသဖြင့် နှိုင်းယှဉ်၍ပင် မရနိုင်ပါ။

၅၇။ ရန်လိုတိုက်ခိုက်မှုများကို ချက်ချင်း ရပ်စဲရန်နှင့် စားနပ်ရိက္ခာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးနှင့် ဝန်ဆောင်မှုများ လိုအပ်နေသော အရပ်သား ပြည်သူ အားလုံးထံသို့ လူသားချင်း စာနာမှု အကူအညီများအား အတားအဆီး မရှိ ပံ့ပိုးခွင့် ရရှိရေးသည် အရေးတကြီး လိုအပ်လျက်ရှိနေဆဲ ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ ပို၍ လွယ်ကူစေရန် အထောက်အကူ ပြုနိုင်သည့် အန္တရာယ် ရှိပါက မြန်မာနိုင်ငံသို့ လက်နက်ခဲယမ်းများ အပြင် လေယာဉ်ဆီနှင့် စစ်ဘက် အရပ်ဘက် နှစ်မျိုး သုံးနိုင်သော ပစ္စည်းများ လွှဲပြောင်းပေးပို့နေခြင်းကို နိုင်ငံတကာ အသိုက်အဝိုင်း အနေဖြင့် ရပ်တန့်ရန်နှင့် တားဆီးပိတ်ပင်ရန် လိုအပ်ပါသည်။

၅၈။ ထို့အတူ ဒီမိုကရေစီ နည်းကျ အရပ်သား အစိုးရ တစ်ရပ် ပေါ်ထွန်းရေးနှင့် တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် တရား ဥပဒေစိုးမိုးရေးတို့အပေါ် အခြေခံသည့် နိုင်ငံတော် တစ်ရပ် ဖြစ်လာစေရန် မြန်မာ ပြည်သူများ၏ တောင်းဆိုချက်များကို ဆက်လက် ဝန်းရံအားပေးသွားရန်မှာလည်း ထပ်တူ အရေးကြီးလှပါသည်။ ယုံကြည်လက်ခံနိုင်သော အခြေခံ အချက်များပင် မရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဖြင့် နိုင်ငံရေး အရ တရားဝင်မှု ရရှိရန် ကြိုးပမ်းချက်များကို မည်သည့် နည်းနှင့်မျှ အသိအမှတ်ပြု ထောက်ခံခြင်း မပြုသင့်ပေ။ မြန်မာ စစ်တပ်က အပိုင်းလိုက် ထိန်းချုပ်ကျင်းပသည့် ရွေးကောက်ပွဲသည် မြန်မာ နိုင်ငံသားများ၏ အခြေခံ လူ့အခွင့်အရေးကို မျက်ကွယ်ပြုခဲ့သည့် အပြင် အကြမ်းဖက်မှုများနှင့် လူ့အဖွဲ့အစည်း အတွင်း အစွန်းရောက်၍ စိတ်ဝမ်းကွဲပြားမှုများဖြင့် ပို၍

ဆိုးရွားလာစေရန်သာ ဦးတည်စေခဲ့သည်။[42] ယင်းရွေးကောက်ပွဲများသည် အားလုံး ပါဝင်ခွင့် ရှိသော အရပ်သား အုပ်ချုပ်ရေး သို့မဟုတ် ပို၍ လုံခြုံသော ပတ်ဝန်းကျင် တစ်ရပ်ကို ဖော်ဆောင်မည့် အစား အရပ်သား ပြည်သူများ အနေဖြင့် အန္တရာယ်နှင့် ဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်ပြီး လိုအပ်သော အကာအကွယ် ပေးရေး ယန္တရားများနှင့် မရှိမဖြစ် လိုအပ်နေသော လူသားချင်း စာနာထောက်ထားမှု အကူအညီများ ရရှိနိုင်မှု ကင်းမဲ့နေသည့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အကျပ်အတည်းကိုသာ ပို၍ နက်ရှိုင်းစေခဲ့သည်။

၅၉။ ရပ်ရွာ အခြေပြု အဖွဲ့များ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများသည် အရပ်သား ပြည်သူကို ကူညီစောင့်ရှောက်ရန်နှင့် ၎င်းတို့၏ ရေရှည် ရပ်တည်မှုကို ပံ့ပိုး ပေးနိုင်ရန် အတွက် မြန်မာ နိုင်ငံတစ်ဝန်း အကာအကွယ် ပေးရေး ယန္တရားများကို ဖန်တီးရန်နှင့် စီမံခန့်ခွဲရန် တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ခဲ့ကြသည်။ ကြိုတင် သတိပေး စနစ်၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူသားချင်း စာနာမှု အကူအညီများ ညှိနှိုင်း ဆောင်ရွက်ခြင်းတို့မှာ အစဉ်အလာ အရ နိုင်ငံတော်၏ တာဝန် ဖြစ်သော်လည်း ယခုအခါ ကြုံတွေ့နေရသည့် ကြီးမားသော အခက်အခဲများကို ကျော်လွှားနိုင်ရန် အလို့ငှာ ဒေသခံ ပြည်သူများ၏ အသိပညာ၊ လိုက်လျော ညီထွေ ဖြစ်အောင် နေထိုင်နိုင်စွမ်းနှင့် တီထွင်နိုင်စွမ်းတို့ကို အမိအရ အသုံးချသည့် ဒေသခံများ ဦးဆောင်သော စနစ်များဖြင့်သာ အဆိုပါ လုပ်ငန်းများကို အစားထိုး ပံ့ပိုးပေးလျက် ရှိပါသည်။ အဆိုပါ စနစ် ယန္တရားများသည် ထိခိုက်လွယ်မှုနှင့် အကန့်အသတ်များ ရှိပါသော်လည်း တရားဝင်မှု၊ ယုံကြည်မှုနှင့် စုပေါင်း ဆောင်ရွက်မှုတို့ အပေါ် အခြေခံထားခြင်းကြောင့် အလွန် ဆိုးရွားသော အခြေအနေတွင်ပင် အရပ်သားများအား အတိုင်းအတာ တစ်ခု အထိ အကာအကွယ် ပေးနိုင်စွမ်း ရှိကြောင်း သက်သေပြနေပါသည်။ ဒေသန္တရ အသိုက်အဝန်း အဆင့်တွင် ပေါ်ပေါက်လာသည့် ဒီမိုကရေစီ အခြေခံအုတ်မြစ် အပေါ် အခြေခံ၍ တည်ဆောက်ထားသော အဆိုပါ စနစ်ယန္တရားများ အားကောင်းရေး၊ ထိရောက်ရေးနှင့် ရေရှည် တည်တံ့ရေး အတွက် နိုင်ငံရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ ပံ့ပိုးမှုများသည် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းများ အဖြစ် ဆက်လက် တည်ရှိနေပါသည်။

၆၀။ **အထက်ပါတွေ့ရှိချက်များကို အခြေခံ၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက မြန်မာ စစ်တပ်အား အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။**

(က) **ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၆၆၉(၂၀၂၂) နှင့်အညီ အရပ်သား ပြည်သူများနှင့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများနှင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ကြသူများ နေထိုင်ရာ ယာယီ စခန်းများ အပါအဝင် အရပ်ဘက် ဆိုင်ရာ အဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းများ အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာ ထောက်ထားမှု ဥပဒေ ချိုးဖောက်မှု အားလုံးနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှု၊ ကျူးလွန်မှု အားလုံးကို ချက်ချင်း ရပ်တန့်ရန်။**

(ခ) **အကူအညီ လိုအပ်နေသည့် အရပ်သား ပြည်သူများထံသို့ ဘက်လိုက်မှု ကင်းပြီး ခွဲခြားဆက်ဆံမှု မရှိဘဲ ပေးအပ်မည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ကယ်ဆယ်ရေး ပစ္စည်းများကို လျင်မြန်ချောမွေ့စွာနှင့် အတားအဆီးမရှိ ဖြတ်သန်း သယ်ယူခွင့်ပြုရန်နှင့် လွယ်ကူ ချောမွေ့စေဖို့ ကူညီပေးရန် အပြင် စားနပ်ရိက္ခာ၊ ဆေးဝါး၊ မရှိမဖြစ် လိုအပ်သော ပံ့ပိုးမှုများနှင့် ဆက်သွယ်ရေး ပစ္စည်းများ ပေးပို့မှု အပေါ် ကန့်သတ်ပိတ်ချက်များကို ရုတ်သိမ်းရန်။**

[42] https://www.ohchr.org/en/press-releases/2026/01/myanmar-turk-says-military-controlled-ballot-exacerbates-violence-and-social တွင် ကြည့်ရှုပါ။

(ဂ) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် မကိုက်ညီသော လုပ်ရပ်ဖြစ်သည့် ကလေးသူငယ်နှင့် ရိုဟင်ဂျာများ အပါအဝင် အရပ်သားများအား အဓမ္မ စစ်သား စုဆောင်းသည့် လုပ်ရပ်များ အားလုံး ရပ်တန့်ရန်နှင့် စစ်သား စုဆောင်းခြင်း ခံထားရသူများကို ချက်ချင်း ပြန်လွှတ်ပေးရန်။

(ဃ) မတရား ဖမ်းဆီးထိန်းသိမ်းခံထားရသူ အားလုံးကို မဆိုင်းမတွ ချက်ချင်း ပြန်လွှတ်ပေးရန်နှင့် စစ်မှုထမ်းရန် ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းကြောင့် ဟူသည့် စွပ်စွဲချက်များ အပါအဝင် ဖမ်းဆီး ထိန်းသိမ်းခံထားရသဖြင့် လွတ်လပ်ခွင့် ဆုံးရှုံးနေရသည့် ဖြစ်ရပ်များ အားလုံး အတွက် ထိရောက်သော ကုစားမှုများ ဖော်ဆောင်ပေးရန်။

၆၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် အမျိုးသား ညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။

(က) အပြည်ပြည် ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုများ အားလုံးနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှု၊ အလွဲသုံးစားပြုမှု အားလုံးကို ချက်ချင်း ရပ်တန့်ရန်။

(ခ) နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများနှင့် အညီ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားမှု ကျူးလွန်သူများ တာဝန်ခံမှု ရှိစေရေး ကြိုးပမ်းအားထုတ်ခြင်းနှင့် ထိခိုက်ခံစားရသည့် ရပ်ရွာ လူထု အသိုက်အဝန်းနှင့် တိုင်ပင်ဆွေးနွေးကာ ဂျန်ဒါ ကျားမ ရေးရာနှင့် အသက်အရွယ် အလိုက် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားသည့် အစီအမံများ ချမှတ်ခြင်း တို့ဖြင့် အရပ်သား ပြည်သူကို လေးစား လိုက်နာရန်နှင့် အကာအကွယ် ပေးနိုင်ရေး သေချာစေရန် တိကျသော အစီအမံများကို ချမှတ် ဆောင်ရွက်ရန်။

(ဂ) အဓမ္မ စစ်သား စုဆောင်းသည့် လုပ်ရပ် အားလုံး၊ အထူးသဖြင့် အသက် မပြည့်သော ကလေးသူငယ်များနှင့် ရိုဟင်ဂျာများကို စစ်သား စုဆောင်းခြင်း လုပ်ရပ်မှ ရပ်ဆိုင်းရန်နှင့် ယင်းလုပ်ရပ်ကြောင့် ဖမ်းဆီး စုဆောင်းခံရသူများကို ချက်ချင်း ပြန်လွှတ်ပေးရန်။

၆၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် အာဆီယံ အဖွဲ့ဝင် နိုင်ငံများ အပါအဝင် နိုင်ငံများ အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

(က) မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှ တစ်ဆင့် နိုင်ငံတကာ ရာဇဝတ် ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန်။

(ခ) နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ဆိုင်ရာ ပြစ်မှု ကျူးလွန်မှု၊ ချိုးဖောက်မှုများကို ပိုမို လွယ်ကူစေသည့် အန္တရာယ် ရှိသော စစ်လက်နက်များ၊ ၎င်းတို့၏ အစိတ်အပိုင်းများနှင့် ဆက်စပ် ပစ္စည်းများ၊ ခဲယမ်း မီးကျောက်များနှင့် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များ သာမက ဂျက်လေယာဉ်ဆီနှင့် စစ်ဘက် အရပ်ဘက် စစ်ဘက် နှစ်မျိုးသုံးနိုင်သော ပစ္စည်းများကို မြန်မာ နိုင်ငံသို့ လွှဲပြောင်း ပေးပို့ခြင်းအား ရပ်တန့်ရန်နှင့် တားဆီးရန်။

(ဂ) အမျိုးသား ညီညွတ်ရေး အစိုးရနှင့် အခြား သက်ဆိုင်ရာ ဒီမိုကရေစီ အင်အားစုများ အပါအဝင် ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားများမှ ကိုယ်စားလှယ်များနှင့် စနစ်တကျ ထိတွေ့ ဆက်ဆံခြင်း အပါအဝင် ဒီမိုကရေစီ ရရှိရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေး အတွက် လိုလားသော မြန်မာ ပြည်သူများ၏ တောင်းဆိုချက်များကို နိုင်ငံရေး အရနှင့် ဘဏ္ဍာရေး အရ ပံ့ပိုးရန်။

(ဃ) **မြန်မာ စစ်တပ်၏ ထိန်းချုပ်မှု အောက်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်း အစီအစဉ်များ ပြန်လည် စတင်ခြင်း သို့မဟုတ် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို နည်းပညာပိုင်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေးသည့် လှုပ်ရှားမှုများကို ရှောင်ကြဉ်ခြင်း အားဖြင့် မြန်မာ စစ်တပ်က အရပ်သား အာဏာပိုင် အစိုးရ အသွင်ဖြင့် ပြုမူနေသည့် လုပ်ရပ် အပေါ် တရားဝင်မှု ပေးခြင်းကို အထူး ရှောင်ကြဉ်ရန်။**

(င) **အကြမ်းဖက်မှု လျှော့ချရေး၊ အရပ်သား ပြည်သူများအား အကာအကွယ် ပေးရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီ ဝင်ရောက်ခွင့်ပြုရေးနှင့် နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရေးတို့ အပါအဝင် နိုင်ငံတကာ ဥပဒေများကို လိုက်နာလျက် စိစစ် အတည်ပြုပြီး အဓိပ္ပာယ် ပြည့်ဝသော တိုးတက်မှု ဖြစ်စဉ်များ အပေါ် အခြေခံလျက် ယုံကြည်မှု တည်ဆောက်ရေး အစီအမံများနှင့် နိုင်ငံရေး ဆွေးနွေးပွဲများကို အားပေး မြှင့်တင်ရန်။**

(စ) **ရန်လိုအကြမ်းဖက်မှုများ ရပ်စဲရေး။ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ ဝင်ရောက်ခွင့်ပြုရေးနှင့် နိုင်ငံရေး အကျဉ်းသား အားလုံး ပြန်လွှတ်ပေးရေး အတွက် ရည်ရွယ်သည့် အာဆီယံ၏ ဒေသတွင်း ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီရန်။**

(ဆ) **အကယ်၍ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည် စေလွှတ်ပါက အဓမ္မ စစ်သား စုဆောင်းခြင်း ခံရမည့် အန္တရာယ်နှင့် စစ်ရေး ပဋိပက္ခ ဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ရမည့် စိုးရိမ်ပူပန်ချက်များ ပို၍ ကြီးထွားလာသောကြောင့် အရပ်သား ပြည်သူများ အပါအဝင် အကြမ်းဖက်မှုမှ ပြည်ပသို့ ထွက်ပြေး တိမ်းရှောင်နေရသည့် ရိုဟင်ဂျာများကို နိုင်ငံတကာ ဥပဒေနှင့် အညီ အပြည်ပြည် ဆိုင်ရာမှ ကာကွယ်စောင့်ရှောက်မှု ပေးခြင်း၊ မိမိနိုင်ငံတွင် ရေရှည် တရားဝင် နေထိုင်ခွင့် ပေးရေး အတွက် နည်းလမ်းများ ဖော်ဆောင်ပေးခြင်း အပြင် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အပါအဝင် အခြေခံ ဝန်ဆောင်မှုများ ရရှိစေခြင်း အားဖြင့် ၎င်းတို့အား အကာအကွယ် ပေးရေးကို သေချာစွာ ဆောင်ရွက်ရန်။**

(ဇ) **အရပ်သား ပြည်သူများ၏ နည်းပညာ၊ ဘဏ္ဍာရေး၊ လူသားချင်း စာနာထောက်ထားမှု နှင့် အကာအကွယ် ပေးရေး လိုအပ်ချက်များနှင့် ဆက်စပ်၍ အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် အပြင် ထိရောက်သော အသက်ကယ်ဆယ်ရေး စီမံကိန်း အစီအစဉ်များအား အကောင်အထည် ဖော်ဆောင်နိုင်ရန် အတွက် ယင်းအရပ်ဘက် လူမှု အဖွဲ့အစည်းများထံသို့ ကြိုတင် ခန့်မှန်းနိုင်သော၊ တိုက်ရိုက်ပေးသော၊ အချိန်နှင့် တပြေးညီ ဖြစ်သော ရန်ပုံငွေများ ပံ့ပိုး ပေးနိုင်ရေး အတွက် သေချာစွာ ဆောင်ရွက်ရန်။**